THE ARAKAN INTERNATIONAL

# နိုင်ငံတကာရေးရာရက္ခိုင်သတင်းစိုင်

အမှတ် (၁၄)
မာ့ချ်လ
၂၀၁၂ ခုနှစ်။

# အားလုံးအတွက်ခေါင်းလောင်းသံ



လူ့အုပ်ကြီးနှင့် လုံး၊ ထွီး၊ ပြောဆို၊ ဆက်ဆံ နီနိရှမူကြောင့် အခြားသူများအား ပင်ပမ်း၊ နွမ်းရိစီသော်လည်း ဘီလ်ခလိန်တန်မှာမူ ယင်းလူ့အုပ်ကြီးကြောင့် အားအင်များပင် ပိုမိုပြည့်ဝလာဟန်ဟိသည် ....... စာ ၃




အကျွန်ရှိ့အားလုံး လွတ်လပ်မှုကို အသာငမ်းငမ်း ဝတ်မွတ်တောင့်တနီန်ကတ်သည်။အကျွန်ရိ့အားလုံး လုံခြုံမှုကင်းမဲ့နီန်ကတ်သည်။ အကျွန်ရှိ့အားလုံးအနာဂါတ် ပျောက်နီန်ကတ်သည်။ အကျွန်ရှိ့အားလုံး ....... စာ ၆



ယကေလေ့ ရခိုင်ဂေါင်းဆောင်တိ မျှော်မှန်းရေအတိုင်း ဖြစ်မလာရေအပြင် ရခိုင်လူမျိုးရှိ့မှာ ဒုတိယအကြိမ် ဗမာကိုလိုနီကျွန်ဖြစ်လားခရရေ။ ယင်းအချိန်ကစလို့ ရခိုင်လူမျိုးရှိ့၏ သမိုင်း၊စာပီ၊ယဥ်ကျေးမှုရှိ့မှာ တဆတ်ဆတ်ဖျက်ဆီးခံလာရကာ ....... စာ ၈



"အလုပ်မလုပ်ကေ ခရီးမရောက်ပါ၊ ရခိုင်တိ နင်လား ငါလား အလုပ်လုပ်ဖို့အချိန်တန်ဗျာဖြစ်တေ၊ လူငယ်တိကိုယ့်ကိုကိုယ်ပြင်ပါ၊ တင်းတင်းကျပ်ကျပ် ပြင်ပါ"

ဆရာ ဦးတင့်ဖော် ....... စာ ၁၃




အာဖရိကတိုက်၏တောင်ခြီရွာချေတရွာတွင်ဖြစ်ပါသည်။
ရွာနားမှတောင်၏ထိပ်တွင် ဗုရားကျောင်းဆောင်တဆောင်ဟိပြီး
ယင်းဗုရားကျောင်းဆောင်တွင်ခေါင်းလောင်းတလုံးဟိပါသည်။
ရွာထဲမှရွာသားတဦး ဆုံးပါးလားတိုင်း ယင်းခေါင်းလောင်းကိုတီးလေ့ဟိသည်
ဟုဆိုပါသည်။ သို့ဖြစ်သောကြောင့် တောင်ထိပ်ဟိဗုရားကျောင်းမှ
ခေါင်းလောင်းတီးသံကြားသောအခါ ရွာထဲမှလူများသည်
"ဒေခေါင်းလောင်းအသူ့အတွက်တီးစွာလဲချင့်"
ဆိုပနာစီ မိန်းမြန်းစောကြောဖြစ်ကတ်ပါရေလုတ်။

မျက်နှာဖုံးဆောင်းပါးကို စာမျက်နှာ(၈)တွင် စ ဖတ်ပါရန်

ကျွန်းတွင်ဇမ္ဗူ
လူတွင်ရခိုင်
ကြိုင်ဘိသတင်း
ကင်းဘိအပြစ်
ချစ်သည့်အမျိုး
ကြိုးသည့်လုံ့လ
မြတ်စာဂ နှင့်
နှစ်ဝနတ်လူ
ချစ်ကြည်ဖြူသည်
နိဗ္ဗူဆုတောင်းပြည့်အံ့တည်း။
*(သျှင်မဟာသီလဝံသ)*

***"(လူတစုကို အခြားလူတစုက) ကျွန်ပြုထားရေ စနစ်ရာ မမှားယွင်းလို့ ဆိုခကေ ဒေကမ္ဘာကြီးမှာ မှားယွင်းရေ အရာဆိုလို့ တခုချေလည်း ဟိလီဖို့ မဟုတ်ဗျာယ်"***

*အေဗရာဟမ်လိန်ကိန်း*
*(၁၆ ယောက်မြောက် အမေရီကန်သမ္မတ)*

# အေဒီတာ့စကား

မကြာခင်လပိုင်းတိအတွင်းကရခိုင်ပြည်တန့်တလျှား – ရမ်းဗြဲ (ကျောက်နီမော်) ကပင် စလို့ မင်းပြားနန့်မြောက်ဦး အလယ်၊ သံတွဲ – တောင်ကုတ် အဆုံး (တိုက်တိုက်ဆိုင်ဆိုင်) စျီးတိမှာဂျေးယာ မီးတိဆက်တိုက်လောင်လားရေသတင်းတိကို စိတ်မကောင်းခြင်းများစွာနန့် ဖတ်ရ၊ မြင်ရ၊ ကြားကတ်ရပါရေ။ ယင်းမီးတိရေ သွီးရှိုး၊ သားရှိုးမီးတိကားဟုတ်ယင့်လား' လို့ ထင်မှတ်စရာပါ။

ယင်းမီးတိရေ သဘာဝအလျှောက် လောင်ရေမီးတိပင်ဖြစ်ဖြစ်၊ စနစ်တကျနန့်လောင်ရေမီးတိပင်ဖြစ်ဖြစ် – သေချာစွာကတော့ကေ အစကပင် ဆင်းဆင်းရဲရဲ စားသောက် နိန်ထိုင် ရပ်တည် ရှင်သန်နိန်ကတ်ရရေ ရခိုင်တိမှာ ပြာပုံတိဖြစ်ပနာ ကျန်လိုက်ပါရေ။ ယေခါ ယင်း၏နောက်ဆက်တွဲရလဒ်အဖြစ် ရန်ကုန်နန့်အခြားဗမာပြည်အရပ်ရပ်မှာ ရောက်နိန်ရေ ရခိုင်တိ၊ ကမ္ဘာ့နိုင်ငံအနှံ့မှာ ရောက်နိန်ကတ်တေ ရခိုင်တိ ဖုန်းတတီတီ ဆက်ကတ်ရရေ။ ဖေသာပို့ကတ်ရရေ။ ဖေသာချီးကတ်ရရေ။ အယင်ဒါဒေါင်ယူထားစွာတိကို ပြန်ဆပ်ဖို့လုပ်နိန်စွာ မဆပ်ဖြစ်လိုက်ယာ။ ကားဝယ်ဖို့လုပ်နိန်ရေ အကျွန့်သူငယ်ချင်းအချို့ ကားမဝယ်နိုင်လိုက်ယာ။ တနွယ်ငင် တစင်ပါ တန်းစီပနာ တနည်းနည်းနန့် လုံးပါးပါးကတ်ရရေ။ တုန့်' လား၊ တန့်' လားကတ်စွာတိကို မြင်ရ၊ ကြားရပါရေ။

အခန်းတခန်းမှာ ဇာမြို့နယ်က (တောင် – တောင် – မြောက် – မြောက် – ရှိ – ရှိ – နောက် – နောက်) ဇာနားက ရခိုင်တိပင် စုပနာ နိန်ကတ် နိန်ကတ်၊ တယောက်အတွက်တယောက် ကျခံပီးကတ်ရရေ။ နားလည်ပီးကတ်ရပါရေ။ ယင်းအဖြစ်အပျက်တိကဇာကိုပြောပြနိန်လဲဆိုကေ အကျွန်ရို့ရေ ပုံမှန်အားဖြင့်ကိုယ့်ထမင်းကိုယ်စားပနာ တယောက်ချင်းစီရပ်တည်နိန်ကတ်ကေလည်း တချိန်တည်းမှာပင် တယောက်၏ဒုက္ခကို တယောက်က၊ တယောက်၏သုခကို တယောက်က မျှဝီခံစား၊ စံစားနိန်ကတ်ရရေ၊ အကျွန်ရို့အားလုံး တခုတည်းသော လူ့အဖွဲ့အစည်းဝင်တိအဖြစ် ဆက်စပ်၊ ရပ်တည်နိန်ကတ်ရရေ ဆိုစွာကိုပါ။

အကျွန်ရို့အချေခါ ရွာမှာစာသင်ကျောင်းမဟိလို့ မြို့မှာလားလို့ ကျောင်းတက်ခရပါရေ။ နှစ်စဉ်ကျောင်းနိန်စရိတ်အဖိုးအခအဖြစ် စပါးတောင်း နှစ်ရာလောက်နန့် ဖေသာထောင်ဂဏန်းတိ ပီးရပါရေ။ ဖေသာအများကြီးချမ်းသာရေ မိသားစုတိဆိုကေ ပြဿနာယင်းလောက်မဟိကေလည်း သာမန်ရပ်တည်နိန်ကတ်ရရေမိသားစုတိဆိုကေ ကျောင်းသားတယောက်မြို့မှာထားပီးရရေအတွက် အိမ်မှာ သား၊ ငါး စိုစိုပြေပြေ ဝယ်မစားနိုင်ဖြစ်လားပါရေ။ တနည်းအားဖြင့်ကိုယ့်မိသားစုဝင်တယောက်ကောင်းစားရေးအတွက် အခြားမိသားစုဝင်တိအားလုံး ကျခံပီးကတ်ရပါရေ။ ချွေချွေတာတာ၊ကျဉ်းကျဉ်းကျပ်ကျပ်နိန်ထိုင်ပီးကတ်ရရေ ဆိုစွာကို အကျွန်ရို့အားလုံး လက်တွိကျကျ နားလည်၊ လက်ခံထားကတ်ရဖို့ ဆိုစွာကိုပါ။

အကျွန်ရို့အားလုံးရေတိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်ပနာ အားလုံး ဆက်စပ်ရပ်တည်နိန်ကတ်ရစွာပါ။ အကျွန်ရို့လူ့အဖွဲ့အစည်းထဲက လူတယောက်ဆုံးပါးလားတိုင်း၊ လျော့နဲလားတိုင်း ယင်းချင့်ရေ ယင်းလူတယောက်တည်း၊ ယင်းလူနန့်ဆိုင်ရေမိသားစုချေ၊ အုပ်စုချေတစုအတွက်ရာမဟုတ်၊ အကျွန်ရို့အားလုံးအတွက်ဆုံးပါး၊ လျော့နဲလားခြင်းဖြစ်ကြောင်းကို ဂျွင်ဒုန်းရို့၊ အားနက်စ်ပေးမိန်းဝေးရို့၏ အယူအဆတိနန့်ရောမွှီပနာ ဒေလ မျက်နှာဖုံးဆောင်းပါးကိုတင်ဆက်လိုက်ရပါရေ။

အကျွန်ရို့လူ့အဖွဲ့အစည်းဝင်တိအားလုံး –

**ပညာတတ်သိ၊ ဖေသာဟိလျှက်**
**စွမ်းအားလည်းမြင့်၊ မျိုးဂုဏ်တင့်လျှက်**
**တိုးပွါးဝီစီ၊ တက် လက် ညီလျှက်**
**စိတ်ထားသန့်မြတ်၊ လှနိုင်ကတ်ပါစီသတည်း။ ။**

ခင်မင်မှုဖြင့်
ဦးသိန်းမောင်



**ရက္ခိုင်ပြည်၏ အနာဂါတ်သည် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးရို့၏ လက်ထဲတွင်ဟိသည်။**

# ကေစာသမားများနှင့်ဘွင်းဘွင်းပျော်ပျော်များ(၂)




မောင်သာပေါ် (ရှမ်းမြ)

***အဆောင်းပါးအပိုင်း(၁)၌ ညွှန်းဆိုဖေါ်ပြဖူးသည့် တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိကေစာသမားများနှင့် ဘွင်းဘွင်းပျော်ပျော်သမား အချို့ရှိ၏ ပုဂ္ဂလိကပိုင်းဆိုင်ရာ အချက်များအပေါ် လူမှုရေးပညာသျှင်များမှ မည်သို့သုံးသပ်ကတ်သည်ကို အောက်ပါအတိုင်းလေ့လာကြည့်ကတ်ပါမည်–***

## ကေစာသမားများ

**မဟတ္တမဂန္ဒီ** (Mohandas Gandhi)။ ။ အိန္ဒိယတိုက်နယ်တခုလုံး၏ လားရာကို ဂန္ဒီကပြောင်းပစ်ခပါသည်။ သို့သော်ပုဂ္ဂလိကဆိုင်ရာ၌ ဂန္ဒီသည် အပြင်အပအခြင်းအရာများနှင့်စာလျှင် သူ့အတွင်းကိုသူ ထဲထဲဝင်ဝင် သုံးသပ်နိန်တတ်သူတဦးပင်ဖြစ်ပါသည်။



**မိုးဇက်** (Moses)။ ။ မိုးဇက်သည်ဖုရားသခင်၏အသံဖြစ်လာမည်ကို ကြောက်ရွံ့နိန်ခသူတဦးဖြစ်ကြောင်း ခရိယံသမ္မာကျမ်းစာတွင် မှတ်တမ်းတင်ထားဟိပါသည်။ ယင်းအကြောက်တရားအပေါ် မိုးဇက်ကျော်ဖြတ်လာနိူင်ခသော်လည်း သူ့ကိုယ်စား စကားများစွာပြောကြားပီးလားသူမှာသူ့အစ်ကို(ဘွင်းဘွင်းပျော်ပျော်သမား) အေရွှင်ပင်ဖြစ်သည်ဟု ဆိုပါသည်။



**ဟယ်လာရီခလိန်တန်** (Hillary Clinton)။ ။ ၂၀၀၈ခုနှစ်၊ အမေရိကန်ပြည်ထောင်စုသမ္မတရွီးကောက်ပွဲတွင် ဟယ်လာရီခလိန်တန်သည်ကြိုက်နှစ်သက်စရာကောင်းသည့်ရွီးကောက်ခံတဦးဖြစ်ကောင်းဖြစ်ခပါလိမ့်မည်။ သို့သော်သူမသည် သူမ၏ခင်ပွန်းဖြစ်သူ ဘီလ်ခလိန်တန်နှင့်နှိူင်းစာလျှင် လူအုပ်ကြီးထဲတွင် စိမ့်ဝင်ပျော်ရွှင်နိန်တတ်မှုမျိုးနည်းပါးပါသည်။ အများပြည်သူဟြိမှောက်တွင် အမြဲတမ်းမြင်တွိနိန်ရသည့်ယင်းအမျိုးသမီးသည်အမှန်မှာကိုယ့်ဖို့နှင့်ကိုယ် အီးအီးလူလူနိန်တတ်သည့် ကေစာသမားများထဲတွင် တဦးအပါအဝင်ဖြစ်သည်ဟုဆိုပါသည်။



## ဘွင်းဘွင်းပျော်ပျော်များ

**ဘီလ်ခလိန်တန်** (Bill Clinton)။ ။ အမေရိကန်အိမ်ဖြူတော်သို့ရောက်ဟိနိန်ထိုင်ခွင့်ရသူ (အမေရိကန်သမ္မတ) အများစုမှာ ဘွင်းဘွင်းပျော်ပျော်သမား(Extroverts)များဖြစ်ကတ်ပါသည်။ သို့သော်ယင်းရို့အားလုံးထဲတွင် အဘွင်းဆုံး၊ အပျော်ဆုံးဖြစ်သူမှာသမ္မတဟောင်းဘီလ်ခလိန်တန်ပင်ဖြစ်ပါသည်။ လူအုပ်ကြီးနှင့် လုံး၊ ထွီး၊ ပြောဆို၊ ဆက်ဆံ နိန်ရမှုကြောင့်အခြားသူများအားပင်ပမ်း၊ နွမ်းရိစီသော်လည်းဘီလ်ခလိန်တန်မှာမူယင်းလူအုပ်ကြီးကြောင့် အားအင်များပင် ပိုမိုပြည့်ဝလာဟန်ဟိသည်ဟုဆိုပါသည်။



**မာဂက်သက်ချာ** (Margret Thatcher)။ ။ သံမဏိအမျိုးသမီး(The Iron Lady) ဟုတင်စားခေါ်ဝေါ်ကတ်သည့် မာဂရက်သက်ချာသည် ကျုံ့ကျုံ့ယုံ့ယုံ့၊ ကျဉ်းကျဉ်းကျပ်ကျပ် နိန်တတ်သူတဦးမဟုတ်ပါ။ သူမ၏ ရွှမ်းရွှမ်းသွက်သွက် ကိုယ်ရည်ကိုယ်သွီးကြောင့်ပင်လျှင် အမျိုးသားများသာကြီးစိုးသည့်ဗြိတိန်နိုင်ငံ၏ ထိပ်ဆုံးအာဏာပိုင်ရာထူးကို ပထမဦးဆုံး ပိုင်ဆိုင်ရဟိနိူင်သူ အမျိုးသမီးဖြစ်ခပါသည်။



**စတီးဗ်ဂျော့ဗ်** (Steve Jobs)။ ။ ခေတ်သစ်နည်းပညာရပ်ပိုင်းဆိုင်ရာတွင်တီထွင်ဖန်တီးသူ ကဝိတဆူဖြစ်သည့် စတီးဗ်ဂျော့ဗ်သည် မွီးရာပါအရောင်းသမားတယောက်ပင်ဖြစ်ပါသည်။ ကမ္ဘာကြီး၏လိုအပ်ချက်၊ တောင်းဆိုမှုနှင့်အာရုံ



## ကေစာသမားများ

**ဝါးရိန်းဘားဖတ်** (Warren Buffett)။ ။ ကမ္ဘာ့အကြီးကျယ်ဆုံး ရင်းနှီးမြှုပ်နှံရေးသမား တဦးဖြစ်သည့် ဝါးရိန်းဘားဖတ် ပြောဖူးပါသည် – "ရင်းနှီးမြှုပ်နှံရာမှာ အရေးကြီးဆုံးသွင်ပြင်လက္ခဏာတခုကတော့ကေ သင့်တော်မှန်ကန်ရေ စိတ်နိုန်သဖေါ်ထားပင်ဖြစ်တေ" ဟူ၍။ အတွင်းကြည့်ဝါဒီ ဘားဖတ်သည်သူ၏ သတိကောင်းသည့် ကိုယ်ရည်ကိုယ်သွီးဖြင့် အလုပ်ဖြစ်နိုန်သည်မှာလည်း သေချာလှပါသည်။



**ဘီလ်ဂိတ်** (Bill Gate)။ ။ ဘီလ်ဂိတ်တွင်တမ်းစောင်းရှိလျှားမှု၊ ပြန့်လွင့်မှု မဟိသည့် စူးသျှထက်မြက်သော စိတ်အာရုံစူးစိုက်မှုစွမ်းအားတရပ်ဟိပါသည်။ ယင်းစိတ်အာရုံ၏စေ့ဆော်မှုအားဖြင့်ပင် သူသည် နာရီပေါင်းထောင်ပေါင်းများစွာ အချိန်နှစ်မြှုပ်ကာ(ကွန်ပျူတာ)ကုတ်များကိုရှိုးသားဖြစ်လားပါသည်။ သူ့အနိန်ဖြင့်ယင်းနည်းပညာရပ်ဆိုင်ရာများနှင့်ကျင်ကိုင်နိန်ရသည်ကို လူအုပ်ကြီးနှင့်နိန်ထိုင်ရသည်ထက် ပို၍ခုံမင်သဖေါ်ကျကာ သက်တောင့်သက်သာဟိလှကြောင်းဖြင့် ဆိုပါသည်။



**မန်မို့ဟန်ဆိုင်း** (Manmohan Singh)။ ။ ကမ္ဘာ့အကြီးဆုံးဒီမိုခရေစီနိုင်ငံနှင့် ကမ္ဘာ့ဒုတိယလူဦးရေအများဆုံးနိုင်ငံကြီးကို အုပ်ချုပ်နိန်သူလည်းဖြစ်၊ စက်မှုသိပ္ပံ၏ ဦးဆောင်မှုဖြင့် လူ့အဖွဲ့အစည်းကိုတိုးတက်အောင် လုပ်ဆောင်ရေးဝါဒီ (တက်ခနိုခရက်)လည်းဖြစ်သည့် မန်မို့ဟန်ဆိုင်း သည် သတိထားစရာကောင်းလောက်အောင်ပင် မိမိကိုယ်မိမိ အနုလုံ၊ ပဋိလုံသုံးသပ်နိန်တတ်သူတဦးဖြစ်သည်ဟု ဆိုပါသည်။ ကြမ်းတမ်းမှုနှင့်သျှုပ်ထွီးမှုများရောပြွန်းနိန်တတ်သည့် အိန္ဒိယ ၏ နိုင်ငံရေးမိုးလီဝါသအပေါ် နှစ်သက်မှု မဟိလှသူတဦးလည်း ဖြစ်သည်ဟုဆိုပါသည်။



**မာသာထရီဆာ** (Mother Teresa)။ ။ အယ်လ်ဘေးနီးယားနိုင်ငံသူ၊ ရိုမန်ခက်သလိသီလသျှင်မ၏ ကေစာကျင့်တတ်မှုသည် သူမ၏ ကျော်ကြားမှုကိုအထိအခိုက်၊ အဟန့်အတားမဖြစ်စီခပါ။ အီးအီးလူလူ၊ ငြိမ်ငြိမ်သက်သက်နှင့် ပျော့ပျောင်းညှင်သာစွာ စကားဆိုတတ်သူ၊ သာသနာပြု သူတော်မတဦးအား ကမ္ဘာကြီး၏အထင်ကရတဦး ဖြစ်လာလိမ့်မည်ဟု မည်သူတဦးတယောက်ကမှ ထင်မှတ်ခမည် မဟုတ်ပါ။



## ဘွင်းဘွင်းပျော်ပျော်များ

*စတီးဗ်ဂျော့ဗ် မှ အဆက်*

စိုက်မှုသဖေါ်သဘာဝအပေါ် သဖေါ်ကျနှစ်သက်တတ်သည်။ တီထွင်ဖန်တီးမှုဖက်တွင်တော်သလောက် အပြောအဟောလည်းကောင်းသည်။ တိတိကျကျလုပ်တတ်ကိုင်တတ်ပြီး သူ့အလုပ်သမားများထံမှသူလိုချင်သည်ကို ရအောင်ယူတတ်သည့် ယင်းပုဂ္ဂိုလ်သည်အလုပ်သမားအချို့၏ ငြိုငြင်ရန်ငြိုးထားမှုကိုပင် ရဟိခဖူးသည်ဟုဆိုပါသည်။

**ဘောရိယဲ့လ်ဆိန်** (Boris Yeltsin)။ ။ ရာသျှားသမ္မတဟောင်း ဘောရိယဲ့လ်ဆိန်၌ ပရိတ်သတ်ဖြိုမှောက်တွင် ဇတ်ဝင်ခန်းဆန်ဆန်လှုပ်သျှားပြုမူတတ်သည့်အထုံပါရမီဟိပါသည်။ ဥပမာအားဖြင့် ၁၉၉၁ ခုနှစ်တွင် ဖြစ်ပွါးခသည့် ကရိန်မလိန် အာဏာသိမ်းမှုကာလအတွင်း စစ်ဖက်တင့်ကားများထက်တွင်လိုက်ပါလျှက် အာခံပြသမှုမျိုး။ သို့သော် သူ၏ ဆင်ခြင်တုံတရားအားနည်းပြီး စိတ်ကူးရလျှင်ရသျှောင်မျိုး ပြောဆို၊ ပြုမူတတ်မှုများက သူ့သမ္မတသက်တမ်းအတွင်း သျှုပ်ထွီးမှုများကို ဖြစ်ပေါ်စီခပါသည်။



**ဝိန်စတန်ချာချီ** (Winston Churchill)။ ။ အိင်္ဂလိချ်နန်းရင်းဝန်ဟောင်း ဆာဝိန်စတန်ချာချီသည်ကန့်သတ်မဲ့သည့် အလုပ်လုပ်နှိုင်စွမ်းရည်ပိုင်ဆိုင်သူဟု ပြောစမှတ်ပြုလောက်ပြီး အချုပ်အချယ်ကင်းစွာလည်း သောက်သောက်စားစား ဟိတတ်သူတဦးဖြစ်ပါသည်။ သို့သော် သူ၏ ယင်းသောက်သောက်စားစား၊ ရှွန်းရှွန်းဝီဝီ နိန်ထိုင်တတ်မှုက သူ၏အလုပ်ကို ထိခိုက်မှု တစုံတရာ မဟိခဟုဆိုပါသည်။ ချာချီသည် ဗြိတိန်နိုင်ငံ၏ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခြင်းအပြင် စာအုပ်ပေါင်း များစွာကိုလည်း ရှိုးသားခပြီး သူ၏ကိုယ်ရေးမှတ်တမ်းဖြင့် စာပီဆိုင်ရာ နိုဗယ်ဆု ကိုပင် ဆွတ်ခူးရဟိခသည် မဟုတ်ပါလား။



**မိုဟာမက်အလီ** (Muhammad Ali)။ ။ မိုဟာမက်အလီသည်သူ့ကိုယ်သူ 'အကြီးကျယ်အမြင့်မြတ်ဆုံးလက်ဝှေ့သမား' ဟု တင်စားခေါ်ဝေါ်ခပါသည်။ သူသည်လက်ဝှေ့အထိုးကောင်းသလောက် လီလုံးလည်းကြီးလွန်ကြောင်း အချို့၏ သုံးသပ်ခြင်းကိုခံရသည့် ဘွင်းဘွင်းပျော်ပျော်သမားတဦး ဖြစ်ပါသည်။



→

**'နိုင်ငံတကာရေးရာရက္ခိုင်သတင်းစိုင်' ဝယ်ယူအားပီးသူများ၊ ကူညီဖြန့်ချီပီးသူများ နှင့် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးအပေါင်းအား အထူးကျေးဇူးတင်ဟိကြောင်း မှတ်တမ်းတင်အပ်ပါသည်။**

သို့ပါသော်လည်းအထက်ဖေါ်ပြပါ ‘ကေစာသမား’ များပင်ဖြစ်စီ၊ “ဘွင်းဘွင်းပျော်ပျော်” များပင်ဖြစ်စီ လူရို့၏ ပြောင်းလဲတတ်သော သဘာဝများအတိုင်းပင် အခါအားလျှော်စွာ ပြောင်းလဲဖြစ်တည်တတ်သည်ဟုဆိုပါသည်။ ဆိုလိုသည်မှာ လူတဦးတယောက်သည် သူ့ဘဝတသက်တာလုံးတွင် အမြဲတမ်းကေစာသမား (သို့မဟုတ်) အမြဲတမ်းရွှန်းရွှန်းဝီဝီသမားများ မဟုတ်ကတ်၊ ဖြစ်မနိန်ကတ်ပါ။ အသက်အရွယ်၊ ပတ်ဝန်းကျင်အခြေအနေ၊ ဘဝအတွိအကြုံ၊ လက်တွိ၊ စာတွိ စသည့် အခြင်းအရာများက လူများကို ‘အီးအီး’ နှင့် ‘ပူပူ’ တလှည့်စီဖြစ်တည်ရပ်တည်လားစီပါသည်။ အမြဲတမ်းနီးပါး ဆူဆူညံညံ၊ သောသောရူရူ၊ ပွင့်ပွင့်လင်းလင်း၊ ဘွင်းဘွင်းပျော်ပျော်ဖြစ်နိန်တတ်သည့် အမေရိကန်လူ့အဖွဲ့အစည်းသည်ပင်လျှင် ‘တိတ်ဆိတ်မှု၏စွမ်းအား’ ကို စတင်ရှာဖွိ၊ အလီးထားလာသင့်ကြောင်း ထောက်ပြပြောဆိုမှုများ ဟိလာနိန်ကတ်ယာ ဖြစ်ပါသည်။

(အပိုင်း(၃)ကိုနောက်လတွင်ဆက်ဖတ်ပါရန်။)

အားလုံးကိုခင်မင်လေးစားလျှက်

မောင်သာပေါ် (ရမ်းဗြဲ)

<u>ကျမ်းကိုး</u>

The Power of Introverts: The forgotten rewards of sitting down and shutting up by Walsh, Bryan (Time / vol. 179. No. 5, 2012)

● ● ● ● ●

**‘သုတ’ နန့် ‘ရသ’ ရို့ကိုလည်းကောင်း**

**‘သတ္တိ’ နန့် ‘ခွန်အား’ ရို့ကိုလည်းကောင်း**

**‘မေရတာ’ နန့် ‘ပညာ’ ရို့ကိုလည်းကောင်း**

**ပီးစွမ်းနိုင်သော စာများဖြင့်**

**လူ့အဖွဲ့အစည်းကို အလှဆင်တင့်တယ်စီအံ့။ ။**



# တောင်သမင်နန့်ဂြို



ရာသီဥတုကြည်လင်သန့်သျှင်းရေ နီခါဖက်တရက်မှာတောင်သမင်တကောင်ရေရီအိုင်သို့ ရီသောက်ဖို့ဆင်းပါလတ်တေလှတ်။ ရာသီဥတုကလည်းကောင်း၊ ရီကလည်းကြိုင်နိန်ရေခါ သမင်ရေသူ့ရုပ်ကိုသူ ရီထဲမှာ ယှသျှင်းလလင်း မြင်ရပါရေလှတ်။

ရီထဲမှာမြင်ရရေသူ့ပုံအားလုံးထဲမှာ ‘**သူ့ဂြိုကအလှဆုံး**’ လို့သူကထင်ပါရေလှတ်။ သူ့စိတ်ထဲမှာ ‘အား လှလိုက်တေ ငါ့ဂြိုတိ၊ တခါတည်း ခက်မငါးဖြာထွက် ထွက်ပနာ၊ ငါ့တခန္ဓာလုံးမှာ အဂြိုတိကအလှဆုံးဗျာယ်၊ ငါ့ခြီထောက်ကိုကြည့်ပါတချက်၊ သသိမ်ညညောင်နန့်ငယ်ရရေအထဲမှာ ရှည်ကရှည်သိရေ၊ အလှပရုပ်ဆိုးစွာမလား’ လို့ပြောနိန်မိပါရေလှတ်။

ယင်းပိုင်နန့်ပင် ရီထဲမှာမြင်ရရေ သူ့ပုံကိုကြည့်ကြည့်ပနာ ဂြိုအလှကိုချီးကျူးလိုက်၊ ခြီထောက်ကိုရုပ်ဆိုးဆိုးနန့်အသုံးမကျ လို့တွေးယူလိုက်နန့်ယင်းသမင်ရေ ရီဆိပ်မှာ အင်တန်ကြာလားခပါရေလှတ်။ သမင်ယင်းပိုင်ရပ်နိန်တုန်းမှာ ခြင်္သေ့တကောင်ရေ သမင်ကိုမြင်ဗျာယ် ဖမ်းဖို့ချဉ်းကပ်ပါလတ်ပါရေလှတ်။ ခြင်္သေ့အင်တန်အပါးကိုရောက်ခါမှ သမင်ကမြင်ရေခါ တခါတည်းကြကြောက်လလန့်နန့် ထွက်ပနာ ဇကုန်ပြီးစွာပါဗျာယ်လှတ်။ သမင်ရေလွှင်ပြင်ပိုင်းမှာ ခြင်္သေ့ထက်ယင်အောင်ပြီးနိုင်ကေလည်း တောထဲပိုင်းသို့ရောက်တေခါ ကောင်းကောင်းမပြီးနိုင်ပါဗျာယ်လှတ်။ ဇာဖြစ်လို့လည်းဆိုကေသူ့အဂြိုကြောင့်ပါ။ အခက်အလက်တိအများကြီးဟိနိန်ရေ သူ့အဂြိုက ဟိုခြုံမှာငြိလိုက်၊ ဒေခြုံမှာငြိလိုက် ဖြစ်နိန်ယက်ပင်း နောက်ဆုံးမှာ ခြင်္သေ့ဖမ်းစွာကို ခံလိုက်ရပါရေလှတ်။ ယေခါမှရာ ‘ဂြိုနန့်ခြီမှာ ဂြို ကို အမွှမ်းတင်ပနာ၊ ခြီကို အသုံးမကျ’ လို့ထင်ခရေ၊ မှားယွင်းရေ သူ့အယူအဆကို နောင်တ ရမိလိုက်ပါရေလှတ်။

ယေဇူးနန့် အကျွန်ရို့ဘဝတိမှာ ‘အဂေါင့်လည်းဂေါင့်တန်ဖိုးထားရဖို့စွာတိကို တန်ဖိုးမထားပဲနန့် အသုံးမကျစွာတိကို အမွှမ်းတင်နိန်ကတ်စွာမျိုးတိ’ ရက်ပြတ်ရက်ပြတ် ဖြစ်နိန်တတ်တေလို့ ဆိုပါရေ။ ။

*(အီစုပ် ပုံပြင်များ မှ)*

၂၀၁၂ခုနှစ်၊ ဂျန်နျူဝါရီလ ၁၉ ရက်နိကရခိုင်အမျိုးသားတတ်သိပညာသျှင်၊ မျိုးချစ်ပုဂ္ဂိုလ် ဆရာကြီးပါမောက္ခ ဒေါက်တာကျော်သည် အမေရိကန်ပြည်ထောင်စု၊ နယူးယော့မြို့တွင်ကွယ်လွန်အနိစ္စ ရောက်လားပါသည်။ ဆရာကြီးကွယ်လွန်ပြီး နာရီပိုင်းအကြာတွင် အကျွန်ုပ့်သူငယ်ချင်း၊ ညီအစ်ကို(၃)ဦးခန့်မှ အကျွန်ုပ့်ဘားသို့ဖုန်းဆက်ကတ်ပါသည်။ ‘ဆရာကြီးဒေါက်တာကျော်ကွယ်လွန်ခြင်းသည် အကျွန်ရို့အတွက်အစားထိုးမရသောဆုံးသျှုံးမှုဖြစ်သည်’ ဟူ၍။

ဆရာကြီးဒေါက်တာကျော်၏ ကွယ်လွန်မှုသည် သူ့မိသားစုအတွက်သာမဟုတ်၊ အကျွန်ရို့အားလုံးအတွက် ဆုံသျှုံးမှုဖြစ်သည်။ ဘဇာကြောင့်ဆိုသော် ဆရာကြီးဒေါက်တာကျော် အပါအဝင် အကျွန်ရို့အားလုံးသည် လောင်းတစင်းတည်းကိုစီးပနာ တခရီးတည်းကို အတူတူလားနိန်ကတ်သူများဖြစ်သောကြောင့်ဖြစ်ပါသည်။ အကျွန်ရို့ တယောက်ချင်းစီသည် အကျွန်ရို့ရခိုင့်လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်း တခုစီအဖြစ်၊ ဖြစ်တည်နိန်ကတ်သည် မဟုတ်ပါလား။

အကျွန်ရို့အားလုံး လွတ်လပ်မှုကို အသာငမ်းငမ်း ဝတ်မွတ်တောင့်တနိန်ကတ်သည်။ အကျွန်ရို့အားလုံး လုံခြုံမှုကင်းမဲ့နိန်ကတ်သည်။ အကျွန်ရို့အားလုံး အနာဂါတ် ပျောက်နိန်ကတ်သည်။ အကျွန်ရို့အားလုံး အဆုံးစွန်သော ဖိနှိပ်ချုပ်ချယ်မှုကို ခံနိန်ကတ်ရသည်။ အကျွန်ရို့အားလုံး လူလုံးမလှ၊ သူလုံးမလှ၊ အောက်ကျ၊ နောက်ကျ၊ ချိုးနှိမ်ခံ၊ နင်းပြားခံ၊ လက်ဝါးခံဘဝများဖြင့် မသီရှုတမယ်အသက်ရှင်ရပ်တည်နိန်ကတ်ရသည်။ အကျွန်ရို့အားလုံး၏ မွီးရာပါအခွင့်အရေးများ၊ အကျွန်ရို့ပိုင်ဆိုင်သည့် အဖိုး၊ အဘောင်၊ အဇူ၊ အဇာရို့၏ အမွီအနှစ်များ၊ သယံဇာတများ အားလုံးသည် မတော်မတရား ဖိနှိပ်မှု၊ စနစ်တကျနှင့် ကျွန်ပြုမှုစနစ်တခု၏အောက်တွင် မှုံဝါးပျောက်ကွယ်နိန်ကတ်ရသည်။ အင်အားသုံးကာဝါးမျိုစားသုံးခြင်းခံနိန်ရသည်။ ဆုံးရှုံးခံနိန်ကတ်ရသည်။ ကိုယ့်အိမ်ထက်မှာ ကိုယ်နိန်ကတ်ယက်ပင်းအာဂန္တုစင်စစ်ဖြစ်နိန်ကတ်သည်။ အဆုံးစွန်ပြောရလျှင် အကျွန်ရို့ ဘာသာစကားကိုပင်အကျွန်ရို့ ရဲဝံ့ယုံကြည်စွာ ပြောခွင့်မဟိ၊ ပြောခွင့်မရသည့် ခေတ်ဆိုးတခုထဲသို့ ရောက်နိန်ကတ်သည်။ ထိုကြောင့် အကျွန်ရို့အားလုံးသည် ပြင်းထန်သော မုန်းတိုင်းနှင့် လှိုင်းတံပိုးကြီးများ၏ အန္တရာယ်ကို အံတုကာ မြုပ်တလှည့်၊ ပေါ်တချီဖြင့် ခိုင်မာမှုနှင့်လုံခြုံမှုအားနည်းစွာ တည်ဆောက်ထားသည့် ရခိုင်အမျိုးသားလောင်းချေကိုစီးပနာ မပီပြင်သိသော ကမ်းတနေရာသို့ ‘မျှော်လင့်ချက်’ ကိုယ်စီဖြင့် ချီတက်လှော်ခတ်နိန်ကတ်ပါ၏။ အကျွန်ရို့လားရမည့် ခရီးတာသည်ဝီးလံခေါင်ပါးလွန်းသည်နှင့်အမျှ အကျွန်ရို့ဆိုက်ကပ်မည့် ကမ်းကိုလည်းပီပြင်စွာမမြင်တွိ့ကတ်ရသိပါ။ သည်ကြားထဲတွင်ဆရာကြီး ဒေါက်တာကျော်ရို့ပိုင် ဦးစီးပဲ့ကိုင်ပုဂ္ဂိုလ်တဦးအားဆုံးသျှုံးမှုသည် အကျွန်ရို့အားလုံးအတွက် မဟာဆုံးရှုံးမှုတရပ်ဖြစ်သည်။ ယင်းသို့သောအလားတူဆုံးသျှုံးမှု၊ နစ်နာမှု များစွာကို အကျွန်ရို့တိ အများကြီး ကြုံတွိ့ခကတ်ရပါသည်။ ကြုံတွိ့နိန်ကတ်ရပါသည်။ နောင်ကိုလည်း မလွဲမသျှောင်သာစွာပင် ကြုံတွိ့ကတ်ရဦးမည်ဖြစ်ပါသည်။

သို့သော်အကျွန်ရို့ စိတ်ပျက်စရာမလို။ စိတ်ဓါတ်ကျစရာအကြောင်းမဟိ။ အကျွန်ရို့တိမှာ တဖိုလ်ကျလျှင် တဖိုလ်တက်ရမည်။ တတပ်ပျက်လျှင် တတပ်စုရမည်။ လမ်းမှားလျှင် လမ်းမှန်ရောက်အောင်ပြန်တည့်ရမည်။ လူအားလုံးသည် စွမ်းရည်ကိုယ်စီနှင့်မွီးဖွါးလာကတ်ခြင်းဖြစ်သည်။ တဦး၏စွမ်းရည်ကို တဦးက အသိအမှတ်ပြုကတ်ရမည်။ တဦးကိုတဦး ကူညီဖေးမကတ်ရမည်။ လက်တွဲခေါ်ယူကတ်ရမည်။ အားပီးချီးမြှောက်ကတ်ရမည်။ အေနိန်ရာ၌ အကျွန်ရို့အားလုံး ကိုယ့်ကိုကိုယ် မိန်းကတ်ရမည့်မိန်းခွန်းတခုမှာ ‘အကျွန်ရို့အချင်းချင်း မပူးပေါင်း၊ မကူညီ၊ အားမပီးကတ်လျှင် အကျွန်ရို့ကို အသူက အားပီးကူညီဖို့လဲ’ ဟူသောမိန်းခွန်းပင် ဖြစ်ပါသည်။

ကိုးရီးယားစကားပုံ တခုဟိပါသည်– “လောင်းတစင်းတွင်လှော်သူများလျှင်တောင်ထိပ်ထိရောက်လားနှိုင်သည်’ ဟူ၍။ တလောင်းတည်းစီးပြီး တခရီးတည်းကို အတူလားနိန်ကတ်သည့် အကျွန်ရို့သည်အေလောင်းထက်ဟိ လူအားလုံးက သတိဝီရိယကိုယ်စီဖြင့်၊ သတ္တိဟိစွာဖြင့်၊ သစ္စာသမာဓိဟိစွာဖြင့်၊ အမြော်အမြင်ဟိစွာဖြင့်၊ အသိ၊ သတိ ကိုယ်စီဖြင့်၊ မယိုင်နဲ့ မသွီဖီသော ဦးတည်ချက်ပန်းတိုင်ကိုယ်စီဖြင့် တညီတညွတ်တည်း တက်ညီလက်ညီ လှော်ခတ်လားကတ်မည်ဆိုလျှင် အကျွန်ရို့သည် အကျွန်ရို့ ရောက်ချင်သော ကမ်းစပ်ကိုသာမက လှော်သူများလျှင် တောင်ထိပ်ထက်ထိ ရောက်လားနိုင်စရာအကြောင်းတိ အများကြီးဟိနိန်ပါသည်။

> **ကိုယ့်အိမ်ထက်မှာ ကိုယ်နိန်ကတ်ယက်ပင်း အာဂန္တုစင်စစ် ဖြစ်နိန်ကတ်သည်။ အဆုံးစွန်ပြောရ လျှင် အကျွန်ရို့ ဘာသာစကား ကိုပင်အကျွန်ရို့ ရဲဝံ့ယုံကြည်စွာ ပြောခွင့်မဟိ၊ ပြောခွင့်မရသည့် ခေတ်ဆိုးတခုထဲသို့ ရောက်နိန်ကတ်သည်။ ထိုကြောင့် အကျွန်ရို့ အားလုံးသည် ပြင်းထန်သော မုန်းတိုင်းနှင့် လှိုင်း တံပိုးကြီးများ၏ အန္တရာယ်ကို အံတုကာ မြုပ်တလှည့်၊ ပေါ်တချီဖြင့် ခိုင်မာမှုနှင့် လုံခြုံမှုအားနည်းစွာ တည်ဆောက်ထားသည့် ရခိုင်အမျိုးသား လောင်းချေကိုစီးပနာ မပီပြင် သိသော ကမ်းတနေရာသို့ ..........**

တချိန်တည်းမှာပင် အကျွန်ုပ်အားလုံး မဟိ မဖြစ်စွာ သတိချပ်ကတ်ရမည့် အခြင်းအရာတရပ် ဟိပါသိသည်။ အကျွန်ုပ်သည် တလောင်းတည်းစီး နိန်ကတ်သူများပီပီ လောင်းထက်တွင်ဟိနိန်ကတ်သူ တဦးဦး၏ အနားတွင်ပေါက်နိန်သော ‘အပေါက်တပေါက်သည် တလောင်းလုံးကိုစုံးစုံးမြုပ်ကျလားနိုင်သည်’ ဟူသော အခြင်းအရာပင်ဖြစ်ပါသည်။ ရမ်းဗြဲသားဖင်အောက်တွင် ပေါက်နိန်သော အပေါက်တပေါက်ကို **‘ဒေကိစ္စက ရမ်းဗြဲသားကိစ္စ၊ ငါနန့်တခုလည်းမဆိုင်’**၊ မြောက်ဦးသားဖင်အောက်တွင်ပေါက်နိန်သောအပေါက်တပေါက်ကို ‘ယင်းချင့်က မြောက်ဦးသားဖက်က အပေါက်ရာ၊ ငါ့ဖက်က အနိန်သာကြီး’ဟုအကျွန်ုပ် မယူဆအပ်ပါ။ စစ်တွေသားအောက်တွင်ပေါက်နိန်သော အပေါက်တပေါက်ကြောင့် အကျွန်ုပ်လောင်းတစင်းလုံး ဇဇုန်းမြုပ်လားနိုင်ပါသည်။ ကျောက်ဖြူသားအောက်တွင် ပေါက်နိန်သော အပေါက်ကြောင့်လည်းအကျွန်ုပ်အားလုံး ဒုက္ခရောက်လားနိုင်ပါသည်။ အကျွန်ုပ်အားလုံး တဦးနန့်တဦး ဆက်စပ်တည်ဟိနိန်ကတ်သည်ဖြစ်ရာ တယောက်၏ ကြွယ်ဝမှုကို တယောက်က မျှဝီခံစားသလို၊ တယောက်၏ ဒုက္ခကိုလည်း တယောက်က စေတနာသန့်သန့်ဖြင့် ကူတွေးဖေးမပီးကတ်ရပါလိမ့်မည်။ **“အကျွန်ုပ်အိမ်နားပါးချင်းအိမ် မီးလောင်သောအခါအကျွန်ုပ်အိမ်၏ လုံခြုံမှုမှာ စိတ်ချရသော အနိန်အထားမှာဟိမနိန်ဗျာယ်”** ဟူသည်ကို အကျွန်ုပ်အားလုံး သတိချပ်ကတ်ရပါလိမ့်မည်။

**No man is an island,**
**Entire of itself.**
**Each is a piece of the continent,**
**A part of the main.**

**လူသည်ပင်လယ်ထဲကကျွန်းမဟုတ်ပါ**

**အားလုံး၏အစိတ်အပိုင်းတရပ်သာ။**

**လူတဦးချင်းစီသည်ကမ္ဘာတိုက်ကြီး၏အစိတ်ချေတစိတ်**

**ဗဟိုပင်မ၏ အပိုင်းချေတပိုင်း။ ။**

နောက်ဆုံး အနိန်ဖြင့် အင်္ဂလိပ်ကဗျာဆရာကြီး ဂျွင်ဒုန်း(John Donne)၏ ကဗျာထဲမှ (အထက်ပါအတိုင်း) စာပိုဒ်တပိုဒ်လည်းဖြစ်ပြီး၊ ပိုလိဇာ စာပီဆုရ၊ စာပီဆိုင်ရာနိုဗယ်ဆုရ စာရွီးဆရာကြီး အားနက်စ်ဟေးမိန်းဝေး (Ernest Hemingway) ခြယ်မှုန်းတင်ပြခသော အယူအဆ တခုကိုတချက်ချေ ယူသုံးတင်ပြပါရစီ။

အာဖရိက တိုက်၏ တောင်ခြီရွာချေ တရွာတွင် ဖြစ်ပါသည်။ ရွာနားမှ တောင်၏ထိပ်တွင် ဗုရားကျောင်းဆောင်တဆောင်ဟိပြီး ယင်းဗုရားကျောင်းဆောင်တွင် ခေါင်းလောင်းတလုံးဟိပါသည်။ ရွာထဲမှ ရွာသားတဦး သီဆုံးလားတိုင်း ယင်းခေါင်းလောင်းကိုတီးလေ့ဟိသည်ဟုဆိုပါသည်။ သို့ဖြစ်သောကြောင့်တောင်ထိပ်ဟိ ဗုရားကျောင်းမှ ခေါင်းလောင်းတီးသံကြားသောအခါ ရွာထဲမှလူများသည် “ဒေခေါင်းလောင်း အသူ့အတွက်တီးစွာလဲချင့်” ဆိုပနာစီ မိန်းမြန်း စောကြောဖြစ်ကတ်ပါရေလှတ်။

ယင်းသီဆုံးလားရေလူစွာ အကျွန်ုပ် လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတရပ် ဖြစ်နိန်ရေခါ ယင်းလူ၏သီဆုံးမှုစွာ အကျွန်ုပ်အားလုံးအတွက်လည်း ဆုံးသျှုံးမှုတရပ်ဖြစ်တေအတွက် ယင်းခေါင်းလောင်းတီးသံရေအသူ့အတွက်လဲ လို့မိန်းမနိန်ပါကေ့ဖိ။ ယင်းချင့်ရေ အကျွန်ုပ်အားလုံးအတွက်ခေါင်းလောင်းသံပင် ဖြစ်ပါရေ။

အေဂု “ဆရာကြီး ဒေါက်တာကျော်အတွက် တီးသောခေါင်းလောင်းသံသည် ဆရာကြီး တဦးတည်းအတွက်၊ သူ၏မိသားစု အတွက်သာမက **အကျွန်ုပ်အားလုံးအတွက်တီးသော ခေါင်းလောင်းသံ** ပင်ဖြစ်ကြောင်း” ထပ်လောင်းပြောကြားပါရစီ။

ကောင်းမွန်သော ဆန္ဒ၊ ကောင်းမွန်သောနှလုံးသား၊ ကောင်းမြတ်သောစိတ်ဓါတ်၊ သတိ၊ သတ္တိဟိစွာဖြင့်အသက်ရှင် ရပ်တည်ခသည့် ဆရာကြီးပါမောက္ခ ဒေါက်တာကျော် ကောင်းရာသုဂတိသို့ လားပါစီကြောင်း ယုံကြည်မှုဖြင့် ဆုတောင်းပတ္ထနာပြုယက်ပင်း အကျွန်ုပ်အားလုံး **‘ရှိုးတော်င်ထိပ်ထိ ရောက်အောင်လှော်လားကတ်ပါမေ’**ဟု အကျွန်ုပ် ရခိုင်လူ့အဖွဲ့အစည်းဝင် ညီအစ်ကိုမောင်နှမအားလုံးသို့ စကားကမ်း၊ နှိုးဆော်လိုက်ပါရစီ။

ရှိုးသားသော ကြိုးစားမှုဖြင့် မရှိုးသားသူများအပေါ် အောင်ပွဲခံကတ်ပါမေ။ ။

မောင်ဦးသိန်းမောင်

◆ ◆ ◆ ◆

## စာစဥ်မှာယူလိုလျှင်

အေသတင်းစိုဥ်ဝယ်ယူအားပီးလိုသူများအနိန်ဖြင့်အောက်ဖေါ်ပြပါနီးစပ်ရာစာစဥ်ကူညီဖြန့်ချီပီးသူများမှတဆင့်ဆက်သွယ်ဝယ်ယူနိူင်ကတ်ပါသည်။ အထူးကျေးဇူးတင်ပါသည်။

*ကို ဦးသိန်းမောင် (အိုင်အိုဝါ)*

☎ *၅၁၅-၃၂၆-၄၆၂၂*

ကို ကျော်သိန်း (ချီကာဂို)

☎ ၇၇၃-၄၁၄-၂၈၁၃

*ကို အောင်ထွန်းစိန် (ပိစ်ဘာ့ဂ်)*

☎ *၄၁၂-၄၀၃-၇၈၂၂*

ကို ခိုင်မင်းဖံ (ဘာဖဲလို)

☎ ၇၁၆-၃၀၈-၃၅၆၆

*ကို ဆန်းလှိုင် (မီဝ့ါကီ)*

☎ *၄၁၄-၄၈၄-၅၇၃၈*

ဂိုးချေ (ယူတား)

☎ ၈၀၁-၅၁၂-၁၀၃၆

*ကို ကျော်သိန်း (မီဇူရီ)*

*ဖုန်း ၈၁၆-၂၉၄-၈၄၅၁*

ကို စောသိန်းမောင်(ချီကာဂို)

☎ ၆၃၀-၇၄၉-၈၀၈၃





# ကိုလိုနီစနစ်ဖျက်သိမ်းရေးကို ဇာကြောင့်တောင်းဆိုရစွာလဲ ?




မြန်မာနိုင်ငံမှာ 'နိုင်ငံရေး'ဆိုရေစကားလုံးကို တချို့လူတိက ကြောက်ဖို့ကောင်းရေ စကားလုံးအဖြစ် အထင်အမြင်မှားနိန်ကတ်ချိန်၊ 'တန်းတူရည်တူ' ဆိုရေ နှစ်လိုဖွယ်ကောင်းသော စကားလုံးတိကို ပြောဆိုနိန်ကတ်ချိန်မှာ **'ကိုလိုနီစနစ်ဖျက်သိမ်းရေး'**ဆိုသည့် စကားလုံးကို ထူးဆန်းအံ့ဩဖွယ်ရာ စကားလုံးအဖြစ် ထင်နိန်ကတ်ခြင်းမှာ သဘာဝ ကျလှပါရေ။ ရခိုင်နိုင်ငံတော်ကျဆုံးလားရေ ၂၂၇ နှစ်မြောက် အထိမ်း အမှတ်နိန့်မှာ ရခိုင်လူမျိုးရို့က အမေရိကန်နိုင်ငံ နယူးယောက်မြို့ဟိ ကမ္ဘာ့ ကုလသမဂ္ဂရုံးဗြိမှာ 'ရခိုင်ပြည်က ဗမာကိုလိုနီစနစ်ကို ဖျက်သိမ်းပီးဖို့' ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုခကတ်ပါရေ။ ယင်းကိုလိုနီစနစ် ဖျက်သိမ်း ရေး တောင်းဆိုစွာရေ ဗမာလူမျိုးရို့က ရခိုင်လူမျိုးရို့ကို အတင်းအဓမ္မ ဖိနှိပ်အုပ်ချုပ်နိန်ကတ်တေအတွက် ရခိုင်လူမျိုးရို့က ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးနိူင်ခွင့် ရဟိရေးကို တောင်းဆိုကတ်စွာဖြစ်ပါရေ။

## ဗမာကိုလိုနီဖြစ်ရခြင်းအကြောင်း

ရခိုင်လူမျိုးတိရေ တချိန်က ကိုယ်ပိုင်သီးခြားနိုင်ငံနန့် နိန်လာခ ကတ်တေ လူမျိုးတမျိုးဖြစ်ပါရေ။ ၁၇၈၄ ခုနှစ်၊ ဒီဇိမ်ဘာလ ၃၁ ရက်နိန့်မှာ ဗမာဘုရင် ဘိုးတော်မောင်ဝိုင်းက စစ်မကြေညာပဲ ဝင်ရောက်သိမ်းပိုက်လို့ ရခိုင်နိုင်ငံတော် ဗမာလက်အောက်သို့ ကျရောက်လားခရပါရေ။ ယင်းအချိန်ကစ လို့ ဗမာနယ်ချဲ့တိကို ရခိုင်မျိုးချစ်တိရေ ခေတ်အဆက်ဆက်မှာနည်းမျိုးစုံနန့် တော်လှန်ခကတ်တေ။ ယကေလေ့ မအောင်မြင်ခ။ ဒေပိုင်အခြီအနီမှာ ရခိုင်ခေါင်းဆောင် အချို့က ကိုယ့်အား ကိုယ်ကိုးပနာ ဗမာကိုတိုက်လို့ မနိုင်ယာဖြစ်၍ မဟာမိတ်အကူအညီနန့် တိုက်မှရာ ရဖို့ဗျာယ်ဆိုပနာ ယူဆကတ်တေအတွက် အိင်္ဂလိချ်ကို စစ်ကူခေါ်တိုက်ဖို့ စီစိုဉ်ကတ်တေ။ ယေဇူးနန့် ဗမာကို တိုက်ဖို့အချက် ၁၀ ချက်ပါရေ စာချုပ်ကို ချုပ်ဆိုခကတ်တေ။ ယင်းစာချုပ်ကို ဦးဆောင် ချုပ်ဆိုခကတ်တေ သူရို့မှာ

ရခိုင်ဖက်က –

၁။ မင်းသားကြီးရှီဘန်း

၂။ မြို့သူကြီး အောင်ကျော်ဇံ

၃။ ဒေးဝန်းကြီး အောင်ကျော်ရှီ

အိင်္ဂလိချ်ဖက်က

၁။ မင်းကြီး ဒိန်သျှန်

၂။ ရာဝါသတ် (ခေါ်) ရာပသိန်သတ် ရို့ဖြစ်ကတ်တေ။

ယင်းပိုင် အခိုင်အမာ စာချုပ် ချုပ်ဆိုပနာ ၁၈၂၄ ခုနှစ် မတ်လ ၅ ရက်နိန့်မှာ စတင်တိုက်ခိုက်ကတ်တေ ရခိုင်-အိင်္ဂလိချ် ပူးတွဲတပ်ကို General Sir Archibald Cambell က ဦးစီးကွပ်ကဲရေ။

၁၈၂၅ ခုနှစ် ဧပြီလ ၂ ရက်နိန့်မှာ ဗန္ဒုလကို အသီဖမ်းမိရေ။ ဗန္ဒုလ ကျဆုံးပြီးနောက် ဗမာတပ်ဖက်မှာ စစ်ကိုဆက်တိုက်လိုသူနှင့် မတိုက်လိုသူ အုပ်စုနှစ်ခု ကွဲလားရေ။ စစ်ဆက်တိုက်ဖို့ကို လိုလားရေဖက်က အနိုင်ရလို့ စစ်ကို ဆက်တိုက်စွာမှာ ဗမာတပ် ပြည်မြို့မှာထပ်လို့ သျှုံးနိမ့်ဗျာယ် ဆုတ်ပြီးလားကတ်တေ။ ပုဂံမှာ တဖန် စစ်သျှုံးပြန်ရာ နောက်ဆုံး ဗမာရို့က စစ်ပြေငြိမ်းဖို့ ကမ်းလှမ်းလာလို့ ရန္တပိုစာချုပ်နန့် စစ်ပြေငြိမ်းလိုက်တေ။ ၁၇၈၄ မှ ၁၈၂၄ ထိ နှစ်ပေါင်း ၄၀ ကျော် ဗမာ ကိုလိုနီကျွန်ဘဝ နိဂုံးချုပ်လားခရေ။ ၁၈၈၅ ခုနှစ်မှာ အိင်္ဂလိချ်က ဗမာတပြည်လုံးကို သိမ်းယူလိုက်တေ။ ယင်းအချိန်ကစလို့ ဗမာပြည်မှာလည်း အိင်္ဂလိချ်တော်လှန်ရေးလှုပ်သျှားမှုတိ ပေါ်ပေါက်လာရေ။ သို့သော် ယင်းအခါက ရခိုင်တော်လှန်ရေးနန့် ဗမာတော်လှန်ရေးတိရေ လုံးဝ ဆက်စပ်မှုမဟိပဲ ကိုယ့်နည်းကိုယ့်ဟန်နန့်ရာ တသီးတခြားစီ အိင်္ဂလိချ်ကို တော်လှန်ခကတ်စွာဖြစ်တေ။

၁၉၄၂ ခုနှစ် ဂျန္နဝါရီလမှာ ဗမာပြည်တောင်ပိုင်းသို့ ဂျပန်တပ်နန့် ဗမာလွတ်လပ်ရေးတပ် (ဘီအိုင်အေ)ရို့ ပူးပေါင်း ဝင်ရောက်လာရေ။

ယင်းသို့ စစ်ဆင်လာရေ တချိန်တည်းမှာ သခင်မြ၊ သခင်ချစ်၊ ဦးဘဆွေ၊ ဦးကျော်ငြိမ်း၊ ဦးလှမောင်ရို့ ဦးဆောင်ဖွဲ့စည်းလိုက်တေ မြီအောက်ယူနီ ဗဟိုအာဏာပိုင်အဖွဲ့ ကိုယ်စားလှယ် သခင်တင်နန့် ကျောင်းသား ဂေါင်းဆောင် ကိုသိန်းအောင်ရို့ နှစ်ယောက်ကို ရခိုင်ပြည်သို့ စည်းရုံးရေး လွှတ်လိုက်တေ။ ယင်းပုဂ္ဂိုလ် ၂ ဦးရေ ၁၉၄၂ ခု ဖေဖျူဝါရီလမှာ ရောက်လာပနာ အိင်္ဂလိချ်နယ်ချဲ့ကို ဗမာနန့်ရခိုင်ပူးပေါင်းလို့ တိုက်ခိုက်ဖို့၊ ရခိုင်ဂေါင်းဆောင်တိဖြစ်ကတ်တေ ဆရာတော် ဦးစိန္တာ၊ ဆရာတော် ဦးပညာသီဟ၊ ဦးပန်းသာအောင်ရို့နန့် ဆွေးနွေးကတ်တေ။ ယင်းဆွေးနွေးပွဲမှာ ရခိုင်ခေါင်းဆောင်တိက အကယ်၍ ပူးပေါင်းတိုက်လို့ လွတ်လပ်ရေး ရလာကေ ရခိုင်ပြည်ကို လွတ်လပ်သော နိုင်ငံတခုအဖြစ်ပီးရန်နှင့် မန္တလေးဟိ မဟာမြတ်မုနိဖုရားကို ပြန်ပီးဖို့ ဂတိပီးရဖို့လို့ တောင်းဆိုရေအခါ ယူဂျီ ကိုယ်စားလှယ်နှစ်ဦးက အထက်ပါ တောင်းဆိုချက် နှစ်ခုလုံးကို ပီးပါမေလို့ ဂတိပြုခကတ်တေ။

\- - - -

> **ရခိုင်ခေါင်းဆောင်တိ မျှော်မှန်းရေအတိုင်း ဖြစ်မလာရေအပြင် ရခိုင်လူမျိုးရို့မှာ ဒုတိယအကြိမ် ဗမာကိုလိုနီကျွန် ဖြစ်လားခရရေ။ ယင်းအချိန်ကစ လို့ ရခိုင်လူမျိုးရို့၏ သမိုင်း၊ စာပီ၊ ယဉ်ကျေးမှု ရို့မှာ တဆတ်ဆတ် ဖျက်ဆီးခံလာရကာ ဂနိန့်အချိန်မှာ ရခိုင်လူမျိုးများတွင် စာပီဟိလားလို့ မိန်းမြန်းနိန်ကတ်ရရေ အခြီအနီမျိုးသို့ ရောက်ဟိနိန်ဗျာဖြစ်တေ။ ယင်းကဲ့သို့ဖြစ်ရခြင်းမှာကား ……**

\- - - -

### ဇာကြောင့်တောင်းရလဲ?

၁၉၄၈ ခုနှစ် ဂျန္နဝါရီလ ၄ ရက်နိန့်မှာ ဗမာပြည်လွတ်လပ်ရေးရရေ။ ယကေလေ့ ရခိုင်ခေါင်းဆောင်တိ မျှော်မှန်းရေအတိုင်း ဖြစ်မလာရေအပြင် ရခိုင်လူမျိုးရို့မှာ ဒုတိယအကြိမ် ဗမာကိုလိုနီကျွန်ဖြစ်လားခရရေ။ ယင်းအချိန်ကစလို့ ရခိုင်လူမျိုးရို့၏ သမိုင်း၊ စာပီ၊ ယဉ်ကျေးမှုရို့မှာ တဆတ်ဆတ် ဖျက်ဆီးခံလာရကာ ဂနိန့်အချိန်မှာ ရခိုင်လူမျိုးများတွင် စာပီဟိလားလို့ မိန်းမြန်းနိန်ကတ်ရရေ အခြီအနီမျိုးသို့ ရောက်ဟိနိန်ဗျာဖြစ်တေ။ ယင်းကဲ့သို့ဖြစ်ရခြင်းမှာကား ဗမာတိက ရခိုင်လူမျိုးများ အမျိုးသားရေးစိတ်ဓာတ် ပြန်ပနာ ထွန်းကားမလာအောင် ရည်ရွယ်ချက်နန့် ရခိုင်သမိုင်းကို သင်ခွင့်မပြုပဲထားခြင်း၊ ရခိုင်စာပီကို ဖော်ထုတ်ပိုင်ခွင့်မပီးခြင်းနန့် ရခိုင်ယဉ်ကျေးမှု အမွီအနှစ်တိ ပျောက်ကွယ်လားအောင် ဖျက်ဆီးနိန်ကတ်ခြင်းကြောင့်ပင် ဖြစ်ပါရေ။ ယင်းပိုင် ရခိုင်လူမျိုးတိကို နိုင်ထက်စီးနင်းမှုတိ ပြုလုပ်ပနာ လူ့အခွင့်အရေး အမျိုးမျိုးကို ချိုးဖေါက်နိန်ကတ်စွာတိရေ အေနိန့်ခေတ်အုပ်ချုပ်နိန်ရေ ဗမာတိရာမဟုတ် အယင်အထက်ထက်က အုပ်ချုပ်လာခရေ ဗမာကိုလိုနီအစိုးရတိလည်း ပြုလုပ်ခကတ်တေ။ ယင်းပိုင် လူမျိုးတမျိုး၏ သမိုင်း၊ စာပီ၊ ယဉ်ကျေးမှု အမွီအနှစ်တိကို ခေတ်အဆက်ဆက် ဖျောက်ဖျက် ခံနိန်ရကာ ရခိုင်လူမျိုးရို့၏ အမျိုးသားလက္ခဏာတိ ပျောက်ကွယ်လုနီးပါး အခြီအနီသို့ ရောက်လာရေအတွက် ရခိုင်ပြည်ပရောက် လူမျိုးများက လွတ်လပ်ခွင့်၊ တရားမျှတရေးနန့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးပိုင်ခွင့် ရို့အတွက် ရခိုင်ပြည်ထဲက ဗမာကိုလိုနီစနစ်ကို ဖျက်သိမ်းပီးဖို့ တောင်းဆိုကတ်စွာဖြစ်တေ။

### ဦးဉတ္တမနန့် သဖေါ်ထားကြီးမြတ်တေ ရခိုင့်ဂေါင်းဆောင်များ

ရခိုင်နိုင်ငံတော် ဗမာလက်အောက်သို့ ကျရောက်လားခရေ အခါကပင် ရခိုင်ရို့၏အရေးရေ ဗမာလူမျိုးတိနန့် တစ်နည်းတစ်ဖုံ ဆက်နွယ် ပတ်သက်လာကတ်ရပါရေ။ ဗမာနိုင်ငံရေ ဂျပန်နန့်အင်္ဂလိပ်ကိုလိုနီစနစ် လက်အောက်သို့ ကျရောက်လားရေ အခါကလည်း ဗမာနိုင်ငံ လွတ်မြောက်ရေးအတွက် ဗမာလူမျိုးတိနန့်အတူ ရခိုင်လူမျိုးတိပါ တိုက်ပွဲဝင်ခကတ်စွာရေ သမိုင်း၏အမှန်တရားဖြစ်တေ။

ဗမာနိုင်ငံလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်လာခကတ်တေ ရခိုင်ဂေါင်းဆောင်တိထဲမှာ ဆရာတော် ဦးဉတ္တမရေ အထင်ကရ ပုဂ္ဂိုလ်တပါးဖြစ်ရုံသာမက ဗမာတနိုင်ငံလုံး အမျိုးသားရေးစိတ်ဓာတ်နိုးကြားလာရေးအတွက် ဦးဆောင်လမ်းညွှန် ချမှတ်ခရေ ရဟန်းတော်တပါးလည်းဖြစ်ပါရေ။ ဗမာနိုင်ငံလွတ်မြောက်ရေးအတွက် ရခိုင်အမျိုးသားများလည်း ကိုယ်ကျိုးစွန့် အနစ်နာခံကာ တိုက်ပွဲဝင်ခကတ်တေ။ လွတ်လပ်ရေးရလာရေအခါ ရခိုင်လူမျိုးတိအတွက် တန်းတူရည်တူအခွင့်အရေးကို မဆိုထားကေ့၊ ပြည်နယ်ချေတခုကိုပင် မရဟိခကတ်။ ဗမာတနိုင်ငံလုံး လွတ်မြောက်ရေးအတွက် စတင်ဦးစီးဦးဆောင် စည်းရုံးရေးတရား ဟောပြောခပနာ ဖမ်းဆီးချုပ်နှောင်ခြင်း အကြိမ်ကြိမ်ကိုခံခရရေ ဆရာတော် ဦးဉတ္တမကိုလည်း ပြည်တွင်းဟိ ဗမာနိုင်ငံရေးသမားတိကသာမက၊ ပြည်ပဟိ ဗမာနိုင်ငံရေးသမားတိကလည်း ဗမာအမျိုးသား ဗိုလ်အောင်ကျော်လောက်ပင် အလေးမထားကတ်စွာရေ ဗမာတနိုင်ငံလုံး အသိပင်ဖြစ်တေ။

→

အေပိုင်ဖြစ်နိန်ကတ်ရခြင်းမှာ ရခိုင်လူမျိုးများက အတူတကွလက်တွဲ နိန်ထိုင်ရေးကို သဘောထားကြီးစွာနန့် လုပ်ဆောင်ခကတ်ကေလည်း ဗမာလူမျိုးတိက ရခိုင်နန့်တခြားလူမျိုးတိကို ခွဲခြားဆံဆက်နိန်ကတ်ခြင်းကြောင့်ဖြစ်ပါရေ။

## ကျဉ်းမြောင်းသောအယူဝါဒ

ကမ္ဘာမှာဟိရေလူမျိုးတိုင်း လူမျိုးတိုင်းရေ ကိုယ့်အမျိုးကိုချစ်ကတ်ပါရေ။ ကိုယ့်လူမျိုး ကိုလိုနီစနစ်ဆိုးအောက်သို့ ကျရောက်နိန်ကတ်ကေ ယင်းစနစ်ဆိုးလက်အောက်က လွတ်မြောက်ဖို့ နည်းမျိုးစုံနန့်ရုန်းကန်လှုပ်သျှားကတ်စွာရေ တကမ္ဘာလုံးမှာ ဖြစ်ပျက်လို့ ဟိနိန်ကတ်တေ။ ဗမာနိုင်ငံလည်း တချိန်က ဂျပန်နန့်အင်္ဂလိပ်ကိုလိုနီစနစ် လက်အောက်သို့ ကျရောက်ခရေအခါ ယင်းနည်းတူ အမျိုးသားလွတ်မြောက်ရေးအတွက် နည်းမျိုးစုံနန့်ကြိုးပမ်းခကတ်စွာရေ ဗမာတနိုင်ငံလုံး အသိပင်ဖြစ်တေ။ ယင်းပိုင်ဗမာနိုင်ငံ အိင်္ဂလိချ်ကိုလိုနီစနစ်အောက်က လွတ်မြောက်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အခြားသော ဗမာနိုင်ငံဖက်က ခေါင်းဆောင်တိရေ အင်္ဂလိပ်ကိုလိုနီဖက်က စွပ်စွဲရေပိုင် ကျဉ်းမြောင်းရေ အမျိုးသားရေးဝါဒီတိ မဟုတ်ကတ်ပါ။ ယင်းနည်းတူ ရခိုင်လူမျိုးတိ ဗမာကိုလိုနီစနစ်ဆိုးလက်အောက်က လွတ်မြောက်ဖို့ ကြိုးပမ်းနိန်ကတ်စွာလည်း ကျဉ်းမြောင်းရေ အမျိုးသားရေးဝါဒီတိ မဟုတ်ပါ။ ရခိုင်လူမျိုးရေ အဖက်ဖက်က ဆင်းရဲနွမ်းပါး၊ လူ့အခွင့်အရေး အမျိုးမျိုးကို ချိုးဖောက်ခံနိန်ရရေအတွက် လွတ်မြောက်ရာလွတ်မြောက်ကြောင်း ကြိုးပမ်းကတ်စွာကို နားလည်မှု မပီးရေအပြင် ကျဉ်းမြောင်းရေအယူဟိသူတိလို့ မြင်နိန်ကတ်သူတိရေကြီးမားရေ လူ့အခွင့်အရီးချိုးဖေါက်မှုကို ပြောင်ပြောင်တင်းတင်း ကျူးလွန်နိန်ကတ်သူတိဖြစ်ပနာ၊ လူမျိုးရေးအရ ဝါးမျိုလိုရေ မဟာဗမာဝါဒီတိနန့် သူရို့၏ အပေါင်းပါတိရာဖြစ်ပါလိမ့်မေ။

## ပျားရည်ဆမ်းသောစကားလုံးတိ

အေဂုခေတ်မှာ သုံးစွဲနိန်ကတ်တေ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနန့် တန်းတူရည်တူရဟိရေးဆိုရေ စကားလုံးတိကား ကကောင်း အလှပချေ အသုံးအနှုန်းတိဖြစ်လို့ ပျားရည်ပိုင်ချိုမြိန်ရေ အရသာမျိုးဟိပါရေ။ ယင်းကဲ့သို့ ပျားရည်ပိုင်ချိုမြိန်ရေ စကားလုံးတိအောက်မှာ အချို့ရခိုင်လူမျိုးတိရေ မိမိကိုယ်ကို ရခိုင်လိုလို၊ ဗမာလိုလို၊ ကရင်လိုလိုနန့် ဟိုမရောက် ဒေမရောက် လုံးပါးပါးပနာ၊ ဝါးတားတား ဖြစ်နိန်ကတ်သူ အများအပြားဟိနိန်ကတ်စွာကို မျက်ဝါးထင်ထင်မြင်နိန်ရရေ။ ရခိုင်ပြည်က ဗမာကိုလိုနီစနစ် ဖျက်သိမ်းပီးဖို့ တောင်းဆိုစွာရေ ရခိုင်လူမျိုးတိ ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးခွင့်၊ ဒီမိုခရေစီနန့် လူ့အခွင့်အရီးကို အပြည့်အဝ ရဟိရေးအတွက် တောင်းဆိုကတ်စွာဖြစ်ပါရေ။

◆ ◆ ◆ ◆

**ရခိုင်ပြည်သူတိ ပိုလို့ဖိနှိပ်ခံရလတ်မေ စိုးရိမ်ပနာ ဗမာကိုလိုနီစနစ် ဖျက်သိမ်းပီးဖို့ မတောင်းဆိုသင့် လို့ ယူဆကေ ဗမာတနိုင်ငံလုံး အိင်္ဂလိချ်ကိုလိုနီစနစ်လက်အောက်က လွတ်မြောက်ဖို့ အိင်္ဂလိချ်အစိုးရကို ဇာကြောင့်တော်လှန်ခကတ်လဲ? ဗမာတနိုင်ငံလုံး စစ်ကျွန်ဘဝက လွတ် မြောက်ဖို့ အတွက် ၈၈ အရေးတော်ပုံ၊ ရွှီဝါရောင်တော်လှန်ရေးတိကို ဇာကြောင့်ဆင်နွှဲခကတ်လဲ?**

◆ ◆ ◆ ◆

## စိုးရိမ်ပူပန်မှုတိ

ရခိုင်ပြည်က ဗမာကိုလိုနီစနစ် ဖျက်သိမ်းပီးဖို့ တောင်းဆိုကတ်တေအခါ ရခိုင်လူမျိုးအချို့ကလည်း စိုးရိမ်ပူပန်မှုတိ ထွက်ပေါ်လာကတ်စွာကို တွိရပါရေ။ ကိုလိုနီစနစ်ဖျက်သိမ်းရီးကို တောင်းဆိုသည်ဖြစ်စေ မတောင်းဆိုသည်ဖြစ်စေ အုပ်ချုပ်သူ ဗမာအာဏာရှင်တိရေ ရခိုင်ပြည်သူတိကို ခေတ်အဆက်ဆက်နည်းမျိုးစုံနန့် နှိပ်စက်ခကတ်တေ။ အေဂုပိုင်တောင်းဆိုလိုက်လို့ ပိုပနာဖိနှိပ်လာနိုင်ရေလို့ စိုးရိမ်မိကတ်စွာရေ မမှားပါ၊ ပြည်သူတိကို သနားညှာတာလို့ အေဂုပိုင် စိုးရိမ်ခြင်းလို့ မှတ်သားလိုက်ပါမေ။ ယကေ မတောင်းဆို၊ မတွန်းလှန်ပဲ အုပ်ချုပ်သူတိအလိုကျ နိန်ထိုင်လားကတ်ဖို့ဆိုကေကား ဖိနှိပ်မှုတိ နည်းကောင်းနည်းကေလေ့ ရခိုင်တမျိုးသားလုံး ဝါးမျိုခံလားရဖို့စွာမှာ သေချာပါရေ။

→

ရခိုင်ပြည်သူတိ ပိုလို့ဖိနှိပ်ခံရလတ်မေစိုးရိမ်ပနာ ဗမာကိုလိုနီစနစ်ဖျက်သိမ်းပီးဖို့ မတောင်းဆိုသင့်လို့ ယူဆကေ ဗမာတနိုင်ငံလုံး အိင်္ဂလိချ်ကိုလိုနီစနစ်လက်အောက်က လွတ်မြောက်ဖို့အိင်္ဂလိချ်အစိုးရကို ဇာကြောင့် တော်လှန်ခကတ်လဲ? ဗမာတနိုင်ငံလုံး စစ်ကျွန်ဘဝက လွတ်မြောက်ဖို့အတွက် ၈၈ အရေးတော်ပုံ၊ ရွှီဝါရောင်တော်လှန်ရေးတိကို ဇာကြောင့်ဆင်နွဲခကတ်လဲ? ယင်းပိုင်အရေးတော်ပုံတိသည်ကား ပြည်သူတိ စစ်ကျွန်ဘဝက လွတ်မြောက်ဖို့အတွက် ဆင်နွဲခကတ်စွာဖြစ်ပါရေ။ ပြည်သူတိကို ဒုက္ခရောက်လိုရေဆန္ဒတိနန် ပြုလုပ်ခကတ်စွာ မဟုတ်ပါ။ ယင်းပိုင်ဗျာ ဗမာကိုလိုနီစနစ်အောက်က ရခိုင်တမျိုးသားလုံး လွတ်မြောက်ရေး လှုပ်ရှားမှုတိရေ ဖိနှိပ်ခံနိန်ရရေ ရခိုင်ပြည်သူတရပ်လုံး အတွက်ဖြစ်ပါရေ။

ဇာနိုင်ငံ၊ ဇာဒေသမှာမဆို မတော်လှန်ပဲနန့် နိုင်ငံတခု (သို့မဟုတ်) အမျိုးသားလွတ်မြောက်မှုတခုကို အောင်ပွဲခံခကတ်စွာ ဟိဖူးပါလား? ယေဇူးနန့် ရခိုင်လူမျိုးတိ ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးရေးအတွက် ရခိုင်တမျိုသားလုံး ဗမာကိုလိုနီစနစ်ဆိုးကို တော်လှန်တိုက်ထုတ်ကတ်ရဖို့ဖြစ်ပါကြောင်း လေးနက်စွာနန့်တိုက်တွန်းလိုက်ရပါရေ။

## ခိုင်ဘခင်

Arakan Freedom Movement Committee




## ဖိတ်ခေါ်ခြင်း




ဟာလူရို . . . .

လာကတ် လာကတ်၊ ထွက်ပါလတ်အယင်

စရပ်မှာစုဖို့ ဒေ အားလုံး၊

သူများမှာ

သူများအလိုနန့် သူများ

လားချင်ဖက်တို့ လားဖို့

ငါရို့နန့် တခုလေ့မဆိုင်။

ထွေယောင် ဒေယောင်

တောင်ကြည့် မြောက်ကြည့်

လှည့်ကြည့်နိန်လို့ အလကား

ငါရို့လားဖို့ စွာက တခုကို။

လောင်းလိုကေ လောင်းစပ်

ရွက်လိုကေ ရွက်တပ်။

တက်လိုကေ တက်ပျင်

ပေါင်းလိုကေ ပေါင်းဆောင်။

အားလုံးအသင့်ဖြစ်ကေ

လားကတ်မေ မတန့်တမ်း

ခရီးကကြမ်းဖို့

ပန်းတိုင်တို့အရောက်ကား . . . . ဟာလူ။ ။

**မောင်ခိုင်စော**

၁၁ /၀၃ /၁၁

# သူရို့အပြော သူရို့စကား



ကာစော (မယုကမ်း)

“ ရန်သူတိရေ ကကောင်းဉာဏ်များရေ၊ ပါးနပ်တော၊ ပရိယာယ်များရေ၊ ပြည်သူအားလုံးသူရို့အလိုသို့ မလိုက် လိုက်အောင် ခြောက်တခါ၊ မြှောက်တလှည့်နန့်လှည့်ပတ်နိုင်ရေအင်္ဂါနန့်ပြည့်စုံကတ်တော၊ ငါရို့မှာ ငါရို့ခွန်အား၊ ငါရို့၏တည်ကြည်ခိုင်ခံ့မှု၊ အကျင့်စာရိတ္တကောင်းမှု၊ စည်းလုံးညီညွတ်မှုတိကိုအခြီခံပနာ ငါရို့လိုချင်စွာကို ငါရို့ ရယူလားရဖို့ ဖြစ်တေအတွက် တယောက်ကိုတယောက်ဆဲဆိုခြင်း၊ ပြစ်တင်ဝေဖန်ခြင်း၊ ဂြူစူစောင်းမြောင်းခြင်းတိကိုလုပ်ပြီးကေ ကိုယ့်အင်အားကို မဆုတ်ယုတ်ကတ်စီကေ့”

*ဆရာတော်အသျှင် ဦးဥတ္တမ*

“ပျား ဆိုစွာ ဇာမှာ အမွှီးဆုံး ပန်းပွင့်ဟိဖို့လဲ၊ ဇာမှာအချိုဆုံးပန်းဝတ်ရည်ဟိဖို့လဲဆိုစွာကို လိုက်ရှာပြီးကေ ယင်း အမွှီးဆုံး၊ အချိုဆုံး ပန်းဝတ်ရည်တိကို စုပ်ယူလာပနာ သူ့ပျားအုံထဲမှာ တတိတိနန့်စုဆောင်းရေ။ ကိုယ့်ပျားအုံကို(ကိုယ့်အသိုက်အမြုံကို) အလှပဆုံးဖြစ်အောင်ပြင်ဆင်ရေ၊ ယင်ဆိုစွာက ဇာမှာအပုပ်နံ့ဟိဖို့လဲ၊ ဇာမှာအဟောင်းအဆွီးတိဟိဖို့လဲဆိုစွာကိုလိုက်ရှာပြီးကေ စားသောက်ပျော်မြူးရေ။ ရခိုင်အချေရို့၊ မင်းရို့လည်းကိုယ့်ကိုကိုယ် မိန်းပြီးကေ ဆုံးဖြတ်ကတ်ပါ။ မင်းရို့ ‘ပျား’ ဖြစ်ချင်ကတ်လား၊ ‘ယင်’ ဖြစ်ချင်ကတ်လား”

*ဆရာကြီးပါမောက္ခ ဒေါက်တာကျော်*

“သံတမန်ဖြစ်ချင်ရေ ရခိုင်လူငယ်တိကို ကြိုဆိုပါရေ၊ ရခိုင်လူငယ်တိရေ ဒေါင်ဒေါင်မြည်နိန်ဖို့လိုအပ်ပါရေ”

*ဦးခင်မောင်ကြည်*

*အဝီးရောက်သံတမန်တဦး*

“ အလုပ်မလုပ်ကေ ခရီးမရောက်ပါ၊ ရခိုင်တိ နင်လား ငါလား အလုပ်လုပ်ဖို့အချိန်တန်ဗျာဖြစ်တော၊ လူငယ်တိကိုယ့်ကိုကိုယ်ပြင်ပါ၊ တင်းတင်းကျပ်ကျပ် ပြင်ပါ ”

*ဆရာ ဦးတင့်ဇော်*

“လူတယောက်ချင်းဖြစ်ဖြစ် ၊ အဖွဲ့အစည်းတခုချင်းဖြစ်ဖြစ် (သူရို့အမြင်ကို) လွတ်လွတ်လပ်လပ် ထုတ်ဖော်ပြောဆိုခွင့်၊ ပုံနှိပ်ထုတ်ဝီခွင့်ရေအဂေါင့်လည်းဂေါင့်လွတ်လပ်တေလူမျိုး၊ လွတ်လပ်တေနိုင်ငံတိ၏ဂုဏ်ဒြပ် (သို့မဟုတ်) မဟိမဖြစ်လိုအပ်ချက်ဖြစ်တေ”

*သီယိုဒိုရုစဘဲ့*

*အမေရီကန်သမ္မတဟောင်း*

“အမေရိကန်ရေလူ့အခွင့်အရေးကိုမဖိတ်ခေါ်ခပါ၊ အဂေါင့်အမှန်မှာ လူသားတယောက်ချင်း လွတ်လပ်ခွင့်နန့် တရားမျှတမှုကိုတန်ဖိုးထားခွင့်ကသာလျှင် အမေရိကန်ကိုဖိတ်ခေါ်ခစွာဖြစ်တေ”

*ဂျိမ်မီကာတာ*

*အမေရီကန် သမ္မတဟောင်း*

“လွတ်လပ်တော၊ လူသားဆန်ဆန်ကြီးကျယ်မြင့်မြတ်တေ နိုင်ငံနန့်လူမျိုးဆိုစွာ ရာဇဝတ်မှုကျူးလွန်ရေလူတိကို သူရို့ကျူးလွန်ရေပြစ်မှုအလျှောက်ပြစ်ဒဏ်ခတ်ကေလည်း ပြည်သူတိ၏အတွေးအခေါ်နန့်အယူအဆတိကိုတင်ပြရေ၊ ထုတ်ဖော်ပြသဆွေးနွေးရေအတွက် ဇာပိုင်ပြစ်ဒဏ်တခုလည်း မဟိစီရ”

*ဟယ်ရီအက်စ်ထရူးမန်း*

*အမေရီကန်သမ္မတဟောင်း*

“တော်လှန်ရေးသမားတယောက် (သို့မဟုတ်) တော်လှန်ရေးအဖွဲ့ အစည်းတခု၏ အကျင့်စာရိတ္တဆိုစွာ တခုနန့်တခု ဆက်စပ်နိန်ရေ အသွင် လက္ခဏာနှစ်ရပ်ဟိပါရေ၊ စကားလုံးအားဖြင့် ကျင့်ဝတ်သိက္ခာသဖော သက်ရောက်တေအကျင့်စာရိတ္တနန့်သူရဲကောင်းပီသရေ၊ စွန့်လွှတ်တေ သဖောသက်ရောက်တေအကျင့်စာရိတ္တရို့ပင်ဖြစ်တေ၊ဇာတော်လှန်ရေး သမား၊ ဇာတော်လှန်ရေးအဖွဲ့အစည်းမဆို ကောင်းမွန်ထူးကဲစီဖို့ ဆိုကေ ယင်းစာရိတ္တနှစ်ရပ်လုံးဟိရဖို့ဖြစ်တေ”

*ဖီဒယ်ကတ်စထရို*

*ကျူးဘားသမ္မတဟောင်း*

“ ‘လူ’ ဆိုစွာ ကကောင်း ခက်ခဲရေ၊ ကြီးလဲရေ တာဝန်တိကို ကြိုးပမ်း ထမ်းဆောင်ဖို့ ကမ္ဘာကို ရောက်လာစွာဖြစ်တေ၊ တသက်မှာတခါရာ ရရေ ‘သီဆုံးခွင့်’ ကို ကိုယ့်နိုင်ငံနန့်ကိုယ့်လူမျိုးအတွက်ရာဖြစ်စီသင့်ရေ ”

*ဒေါက်တာရီဇော်*

*ဖီလီပိန်း မျိုးချစ်ဂေါင်းဆောင်*

“ ‘မဖြစ်နိုင်’ ဆိုရေ ဝေါဟာရ ငါ့အဘိဓါန်မှာ မဟိ ”

*နပိုလီယံ*

*ပြင်သစ်စစ်ဗိုလ်ချုပ်ကြီး*

“ခွက်ပြည့်နီဗျာယ်၊ မင်းအတွက်နန့်မမှောက်စီကေ့”

*အီမီးလ်ဇူလာ*

“ သူ့ အားနည်းချက်ကို သူ ကိုယ်တိုင် ကြည်ကြည်လင်လင် သိမြင်နိုင် စွမ်းဟိအောင် စိတ်ဓါတ်အင်အားကောင်းရေသား၊ ကြောက်စိတ်ဝင်ရေ အချိန်မှာလည်း ကိုယ့်ကိုကိုယ် ရင်ဆိုင်နိုင်ရေသား၊ ရိုးရိုးသားသား ကြိုး စားယက်ပင်း အသျှုံးနန့်ရင်ဆိုင်ရရေ အခါမှာလည်း ဂေါင်းမငုံ့စတမ်း မာန်တင်းနိုင်ရေသား ကို မွီးလိုပါသည် ဖုရား”

*(ဒုတိယကမ္ဘာစစ်အတွင်း အရှိတောင်အာသျှ စစ်မျက်နှာကို တာဝန်ယူခ ဖူးသည့်အမေရိကန်စစ်ဗိုလ်ချုပ်ကြီး မက်အာသာ၏ သူ့သားအတွက် ဖုရားဝတ်ပြု ဆုတောင်းစာမှ)*

“အတိတ်သမိုင်းထက် အနာဂါတ်အိမ်မက်ကို အကျွန်ပိုလို့ သဖော လည်းကျရေ၊ အလေးလည်းထားပါရေ ”

*ထောမဲ့စ်ဂျက်ဖာဆိန်*

*အမေရိကန်သမ္မတဟောင်း*

“မြန်မာနိုင်ငံမှာ အဂေါင့်လည်းဂေါင့်သျှားပါးကုန်စွာ အစားအသောက် လည်းမဟုတ်၊ အဝတ်အထည်လည်းမဟုတ်၊ နောက်ဆုံးပေါ်ခေတ်မီ ပစ္စည်းတိလည်းမဟုတ်ပါ၊ အသျှားပါးဆုံးကုန်စည်ရေ အစိုးရအပေါ် ယုံ ကြည်မှု ဖြစ်တေ ”

*ရခိုင်လူငယ်တဦး*

“ခြိမ်းခြောက်မှုတခုခုဟိနိန်လို့ နောက်ဆုတ်စရာအကြောင်းမ ဟိ၊ ယင်းဘေးအန္တရာယ်က ဝီးအောင် ဆိုပြီးကေ ထွက်လို့လည်းမပြီး ရ၊ ယင်းပိုင်ထွက်ပြီးကေ ဇာဖြစ်တတ်တေလဲ ဆိုကေ ‘မြတ်ဖို့လားနှင်း ခံ တဖေါ်ယော့’ ဆိုသျှောင်ပိုင် အငယ်ချေရေ အကြီးသန်ဖြစ်လားတတ် တေ၊ သတ္တိမကြောင်ဘဲချက်ချင်းပြီးတွိလိုက်စွာနန့် ယင်းအန္တရာယ်ရေ တဝက်ယော့လားဗျာယ် မှတ် ”

*ဝိန်စတန်ချာချီ*

*အိဂ်လိချ်ဝန်ကြီးချုပ်ဟောင်း*

“ ‘ပွဲချုံဟီး’ ရေ ကိုရီးယားကို ဒေါက်တိုင်သုံးချောင်းထက်မှာ အခြီခံပြီး ကေ တည်ဆောက်ခ စွာဖြစ်တေ၊ တချောင်းက ‘ကုမ္ပဏီ အပေါင်းအစုကြီး တိအင်အား’၊ နောက်တချောင်းက ‘တက်ခနိုကရက်’(အသိပညာသျှင်၊ အတတ်ပညာသျှင်၊ နည်းပညာသျှင်တိ) အင်အား၊ တတိယတချောင်းက ‘ပညာတတ်ပြီးကေ ခွန်အားကောင်းရေ လုပ်သားအင်အားစု’ ရို့ပင်ဖြစ် တေ”

*ကိုရီးယားပါမောက္ခတဦး*

“အကျွန်ရို့အတွက် အခြေခံအကျဆုံး လူ့အခွင့်အရေးကတော့ကေ တရုတ်ပြည်သူ သန်း(၁၂၀၀)ကျော်အတွက် စားဝတ်နိန်ရေး ဖူလုံဖို့ပင် ဖြစ်တေ ”

*ကျန်ဇီမိန်း*

*တရုတ်ပြည်သမ္မတဟောင်း*

“အကျွန်ရို့ ပြင်သစ်ဖြစ်ဖို့ကြိုးစားခကတ်တေ၊ အာရပ် ဖြစ်ဖို့ပျင်ခကတ် တေ၊ အီရန်၊ ဆီးရီးယားရို့၏ လွှမ်းမိုးမှုအမျိုးမျိုးဟိခရေ၊ တချို့ဟိနိန်တုန်း ပါ၊ ယေကေလည်း ယင်းချင့်တိအားလုံး တဆတ်ဆတ်ပျောက်လားခ ယင့်၊ နောက်ဆုံးမှာ အကျွန်ရို့ရေ‘လက်ဘနွန်နိုင်ငံသားတိ’ ဆိုရေ အမျိုးသား ရေးဂုဏ်သိက္ခာက လွဲလို့ ကျန်စွာတိ တခုလည်း အလုပ်မဖြစ်”

*ဘီသျှားရား*

*ဘီရွတ်စီးပွါးရေးလုပ်ငန်းသျှင်*

● ● ● ●

# မုံပြုံး



ဘဇောင်ပိုင်ပင် ပြင်ဆင်လို့ပြုံးပြလိုလေ
မုံလိုက်တေအမုံ
ယွံ့လို့ပင်နိန်ရေ
လှလိုက်ပုံကတော့ခါ
ကိုယ့်ရင်မှာ
ဂန္ဓဝင်လို့ သာစကကျူးလိုက်မိရေ။

ဘဇောင်အရှိမျိုးကိုမှ ရထားလိလေ
ဝင်းလိုက်တေ အဝင်း
လုံ့လို့ပင်နိန်ရေ
မွှံ့နိန်လိုက်ပုံကတော့ခါ
ကိုယ့်စိတ်မှာ
ကတ္တီပါလားလို့ အမှတ်မှားလိုက်မိရေ။

လောကကြီးလေ ....
သူရယ်လိုက်တေခါ
ချစ်မွှီးပါရေလို့ဆိုရလိဖို့လား
ပါးချေနှစ်ဖက် တဖက်စီကို
လေးဆယ့်ငါးဒီဂရီ စောင်းတက်လားစော်
သိလာ ....

ဆောင်းဥတု နိန့်ခင်းတရက်
နိသွီးနုနန့်သပ်အကျဖှာ
အလင်းပြန်ခြင်း တစက္ကန့်အတွင်း
မျက်စိမျက်နှာတဝိုက် ဝင်တိုက်မိစော်တောင်
အဘာ .... ထထူးဆဆန်း
အသက်သျှုညာ့ ပင်ဗ နေရာက ဆဲလ်တိ
တဒိန်းဒိန်းမြည်ဗနာ တုန်လားရေကာ
ဂျင်နာ့ချ်သိအိုရှိလား ကိုယ့်သိအိုရှိလားဂု။

အဝေ .... အားလုံးခြုံပြောရကေ
သူ့မုံပြုံးကို ကိုယ်အကြိုက်ဆုံး
လိယိုနာဒို ပြိုင်လာပတ်စိအုံး
ယင်းသူကို အသျှုံးတလုံးပီးလိုက်မေ
သူ တချက်အမုံ့မှာ
ကိုယ့်သိလတိ စမ်းဗတ္တွိလိုက်လို့ယေ ။ ။

ကျော့ကြာညို (ရခိုင်သမီးပျို)
၁၇.၀၁.၂၀၁၂

## ကလောင်သွီးကတ်ပါ

*နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်* သို့ စာမူများပီးပို့နိုင်ကတ်ပြီး စာစောင်တွင် ပုံနှိပ်ဖော်ပြရန် ရွီးချယ်ခံရပါက အဆိုပါစာမူပီးပို့သူတိုင်းအား 'နိုင်ငံတကာရေးရာသတင်းစဉ်' တစောင်စီကို အသိအမှတ်ပြုလက်ဆောင်အဖြစ် (အမေရီကန်ပြည်ထောင်စုအတွင်းတွင်) ပီးပို့လားမည် ဖြစ်ပါသည်။
အမေရီကန်ပြည်ထောင်စု ပြင်ပမှ ဆိုပါက စာအုပ်အပြည့်အစုံကို E-Mail မှတဆင့် ပီးပို့လားမည်ဖြစ်ပါသည်။
ကျေးဇူးတင်ပါသည်။



The Arakan International
နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဥ်

**ရက္ခိုင့်လူ့အဖွဲ့အစည်း အခြီပြုသတင်းစဥ် ဖြစ်ပါသည်။**


**Editors Group**

**Oo Thein Maung**

**Lwon Pi**

**Ni Tauk Kray**

**ဆက်သွယ်ရန်လိပ်စာ**

1107 S Washington St.
Wheaton, IL 60189
U.S.A.

1-630-682-3616 (Home)
1-331-225-7720 (Cell)
theai2011@hotmail.com



တန်ဖိုး ၅ ဒေါ်လာ


# ခရိုအေးသျှားသမ္မတနိုင်ငံ

## (Republic of Croatia)








ခရိုအေးသျှားနိုင်ငံသည်ဥရောပတိုက်၏ရှိအကျဆုံးနိုင်ငံများထဲတွင်တခုအပါအဝင်ဖြစ်သည်။ ရိုမန်ကတ်သလိဘာသာရေးအခြီပြုလွှတ်လပ်သည့်ခရိုအေးသျှားနိုင်ငံကို ဘုရင်ထိုမာစလာ့ဗ်(Tomaslav) မှ အေဒီ ၉၂၄ ခုနှစ်တွင်စတင် တည်ထောင်ပြီးဘုရင်ဇီဗိုနီ မီယာ(အေဒီ ၁၀၇၆–၈၉)သည် ခရိုအေးသျှားဇာတိဘုရင်မျိုးရိုး၏ နောက်ဆုံးမင်းဆက်ဖြစ်သည်။ ယင်းနောက်တွင် ခရိုအေးသျှန်းရို့သည်ဟင်ဂေရီရို့၏ အရိုက်အရာကိုလည်းကောင်း၊ အော်တိုမန်အိန်ပါယာ၏သြဇာသက်ရောက်မှုကိုလည်းကောင်း၊ သြစတြီးယန်းရို့၏ကြီးစိုးမှုကိုလည်းကောင်းတလှည့်စီခံနိန်ခရပေသည်။ ထိုနောက်ပထမကမ္ဘာစစ်အတွင်းတွင် ခရိုအေးသျှားသည်ယူဂိုဆလားဗီးယားနိုင်ငံသစ်နှင့်ပူးပေါင်းရာတွင်ဆာဗီးယားနယ်မြီတည်ထောင်ရန်ကြိုးစားသဖြင့် ခရိုအေးသျှန်းရို့သည်ဆာဗီးယန်း၏ကြီးစိုးချယ်လှယ်မှုကို တွန်းလှန်ကတ်ရပြန်သည်။ ၁၉၉၁ ဂျုန်လတွင် ခရိုအေးသျှားသည် ယူဂိုဆလားဗီးယားမှခွဲထွက်ပြီးအေဂုအခါ ခရိုအေးသျှားသည်မြောက်အတ္တလန်တိတ်စစ်စာချုပ်(နေတိုး)နှင့်ဥရောပသမဂ္ဂ(အီးယူ)အဖွဲ့ဝင်နိုင်ငံတခုအဖြစ်ရပ်တည်လျှက်ဟိပါသည်။

**တရားဝင်အမည်။** ။ ခရိုအေးသျှားသမ္မတနိုင်ငံ။

**နိုင်ငံတည်ထောင်သည့်ခုနှစ်။** ။ ၁၉၉၁

**မြို့တော်။** ။ ဇာဂရက် (Zagreb)

**လူဦးရေ။** ။ ၄.၅ သန်း

**လူဦးရေသိပ်တည်းမှုနှုန်း။** ။ ၁စတုရန်းမိုင်လျှင် ၂၀၂ ယောက် (၁ စတုရန်းခီလိုမီတာလျှင် ၇၈ ယောက်)

**အကျယ်အဝန်း။** ။ ၂၁၈၃၁ စတုရန်းမိုင် ( ၅၆၅၄၂ စတုရန်းခီလိုမီတာ)

**ပြောဆိုသည့်ဘာသာစကား။** ။ ခရိုအေးသျှန်း

**ကိုးကွယ်သည့်ဘာသာ။** ။ ရိုမန်ကက်သလိ ၈၈ ရာနှုန်း၊ အော့သိုဒေ့ါခရိယံ ၄ ရာနှုန်း၊ မူဆလိန် ၁ ရာနှုန်း၊ အခြား ၇ ရာနှုန်း။

**နိန်ထိုင်သည့်လူမျိုးများ။** ။ ခရိုအတ် ၉၀ ရာနှုန်း၊ ဆာ့ဗ် ၄ ရာနှုန်း၊ ဘော့စနိ ၁ ရာနှုန်း၊ အခြား ၅ ရာနှုန်း။

**အစိုးရ။** ။ ပြည်သူ့လွှတ် တော်စံနစ်။

**ငွီကြီးယူနိ။** ။ ၁ ကူနာလျှင် ၁၀၀ လီပါ။

**စာတတ်မြောက်မှုနှုန်း။** ။ နိုင်ငံလူဦးရေ၏ ၉၈ ရာနှုန်း။

ခယ်လိုရီစားသုံးမှု။ ။ ၂၆၇၈ ခယ်လိုရီ။

**ကမ္ဘာ့နိုင်ငံများ မိတ်ဆက်ကဏ္ဍ**

ရောက်ဟိလာသောစာမူများအနက်မှ လာမည့် ***‘နိုင်ငံတကာရေးရာရက္ခိုင်သတင်းစိုင်’*** တွင် ပေါ်ပြုရန်အတွက် ***မောင်ခိုင်စော*** ၏ ***“နာမကျန်းမှုဒိုင်ယာရီ”*** နှင့် ***ဖြူ (ချီကာဂို)*** ၏ ***“အမှာစကားတခွန်းချေ”*** ကဗျာများကို ရွီးချယ်ထားဟိပါသည်။

*ကျေးဇူးတင်ပါသည်။ (အေဒီတာအဖွဲ့)*



## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အားလုံးအတွက်ခေါင်းလောင်းသံ | ၁ |
| အေဒီတာ့စကား | ၂ |
| ကေစာသမားများနှင့်ဘွင်းဘွင်းပျော်ပျော်များ (၂) (မောင်သာပေါ်–ရမ်းဗြဲ) | ၃ |
| တောင်သမင်နန့်ဂြို (အီစုပ်ပုံပြင်) | ၅ |
| ကိုလိုနီစနစ်ဖျက်သိမ်းရေးကိုဇာကြောင့်တောင်းဆိုရစွာလဲ (ခိုင်ဘခင်) | ၈ |
| ဖိတ်ခေါ်ခြင်း (ကဗျာ—မောင်ခိုင်စော) | ၁၁ |
| သူရို့အပြော သူရို့စကား (ကာစော—မယူကမ်း) | ၁၂ |
| မဲ့ပြုံး (ကဗျာ—ကျော့ကြာညို / ရခိုင်သမီးပျို) | ၁၄ |
| အဆင့်မြင့်အိဂ်လိချ်ဝေါဟာရများ | ၁၅ |
| ခရိုအေးသျှားသမ္မတနိုင်ငံ | ၁၆ |



အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝေသည်။